# မဟန်သိန်းဆိုင်

## နိုင်ငံတကာရယ်စရာဟာသများ



HTOO

နိုင်ငံခြားရေးဝန်ကြီးဌာန

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ဝုဆိန်ရိုး အဆိုးဖြင့်ဝါဒီများအား ခုခံကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရင်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ဖြန့်လည်စည်းလုံးညီညွတ်ရေး။
- နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဓေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတကာ စီးပွားရေးတစ်ရပ်လုံးကို ဓနံတီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဓာတ်ဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ ဆိုမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြွန်ိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နိုင်ငံတကာ ရယ်စရာ ပကာသများ

မြဟန်သိန်းမောင်

ဖြတ်မန်းရတဲ့ စာအုပ်တိုက်

စာမူခွင့်ပြုချက်အမှတ် * ၅၁၀၁၂၀၅၁၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် * ၅၁၀၁၁၃၀၀၅၁၂

ပထမအကြိမ် * ၂၀၀၆ – ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ * ၁၀၀၀

အဖုံးဒီဇိုင်း * ရွှေထူး

ကွန်ပျူတာစာစီ * Dream City


**ထုတ်ဝေသူ**

ဦးခင်မောင်ဦး (မြို့–၀၄၀၇၃)

၄၇၃ (က)၊ နီလာ (၆) လမ်း၊ (ဂ) ရပ်ကွက်၊

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အဖုံးနှင့် အတွင်းစာပုံနှိပ်သူ**

ဦးအောင်မြင့်သိန်း (မြို့–၀၆၁၆၄)

အင်ကြင်းမြို့ပုံနှိပ်တိုက်

အမှတ် ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး** ၃၀၀ကို/-

# မာတိကာ


၁။ မင်းကြီးကျော်ရာကို ရွေး ၁
၂။ အပြန်လမ်း ၂
၃။ ကြာပွတ်နဲ့ ရိုက်ရမဲ့လူစာရင်း ၃
၄။ လမ်းကြောင်းလွဲပေးပါ ၄
၅။ မှုန်မကြည့်ဘူးလား ၆
၆။ ရှေ့နေနဲ့ ဆရာဝန်ညီအစ်ကို ၇
၇။ အိပ်ရာထ နောက်ကျသူ ၈
၈။ ကလေးဆင်ခြေ ၉
၉။ အသက်ကယ် အကျီ ၁၀
၁၀။ ဘယ်လောက်ကြာပြီလဲ ၁၁
၁၁။ မျှဝေခံစားကြပုံ ၁၂
၁၂။ သက်သာရာဆိုလို့ ၁၄


F1A

၁၃။ ဘယ်ကမျိုးလဲ ၁၅
၁၄။ ပါရဂူစမ်းသပ်ခ ၁၈
၁၅။ ကျန်းမာရေးခြင်း အကြောင်းရင်း ၁၈
၁၆။ ဟာသအကျိုး ၁၉
၁၇။ ဆယ်မိနစ်အတွင်းမှာ ၂၁
၁၈။ ရေကူးကန်ဝင်ကြေး ၂၂
၁၉။ အမေရိကတိုက်ကို တွေ့ဖို့မလွယ် ၂၃
၂၀။ ဂန္ဓဝင်ဂီတ အရသာ ၂၄
၂၁။ ခရီးသွားဓာတ်ပုံသမား ၂၆
၂၂။ ဒါလေးများ ၂၈
၂၃။ မူကြမ်းအတိုင်းပါပဲ ၃၀
၂၄။ ပူတတ်သူ ၃၁
၂၅။ သူ့အမြင် ၃၃
၂၆။ ဘယ်ကမ္ဘာကိုလဲ ၃၄
၂၇။ ဘုရင်မကြီးလာရင် ပြီးနေကြ ၃၅
၂၈။ ဟန်ပြတိုင်မကြီး ၄ လုံး ၃၆
၂၉။ ခွေးကလေးသက်သေ ၃၈
၃၀။ လကမ္ဘာသို့ ၄၀
၃၁။ နံသမားလက် ၄၁
၃၂။ မင်း ငါးမျှားဘူးသလား ၄၃

၃၃။ မီးပိုင့်မှာ ၄၄
၃၄။ တို့ဆန္ဒ ၄၅
၃၅။ မင်း ဘယ်မှာနေလဲ ၄၆
၃၆။ စန္ဒရားတီးရင် ၄၇
၃၇။ ဘာဒေါက်တာဖြစ်ဖြစ် ၄၈
၃၈။ ကလေးအမြင် ၅၀
၃၉။ ကျိုးပျက်စရာဆိုလို့ ၅၁
၄၀။ ဖတ်ခဲ့ရတဲ့ကြော်ငြာ ၅၂
၄၁။ ဘတ်စကား မမီလိုက်တဲ့ ကျောင်းသူလေး ၅၃
၄၂။ အမေးနဲ့ အဖြေ ၅၄
၄၃။ ကျောင်းပြေးတဲ့ မိန်းကလေးတွေ ၅၅
၄၄။ ဆီးနှင်းထူးစရာ ၅၇
၄၅။ သတင်းထူးတွေ ၅၉
၄၆။ သတိမေ့ရောဂါကုချင်သူများ ၆၀
၄၇။ ထူးခြားတာကတော့ ၆၂
၄၈။ ကားတိုက်ခံရတာ ၆၃
၄၉။ အသက်ရှည်ရခြင်းအကြောင်း ၆၄
၅၀။ စားပွဲထိုးကျော် ၆၅
၅၁။ လျှပ်စစ်ဥာဏ်ကြီးရှင်စက် ၆၇
၅၂။ ထုတ်လုပ်သူ ၆၉

မျက်

၁၃။ ကလေးထိန်းစည်းကမ်း ၇၀
၁၄။ အသံကြားတာနဲ့ သီတယ် ၇၁
၁၅။ အိမ်စာ-၁ ၇၃
၁၆။ အိမ်စာ -၂ ၇၅
၁၇။ စည်းမဲ့ရပ်ထားတဲ့ကား ၇၆
၁၈။ ဈေးဝယ်တော်သူ ၇၇
၁၉။ အရေးကြီးတဲ့ဟာ ၇၉
၂၀။ ပေါင်ချိန်စက်ကို မယုံပါ ၈၁
၂၁။ စက်ဘီးတစ်စီးစာ ၈၂
၂၂။ ညောင် ၉-နာရီ ၈၃
၂၃။ ခွေးလိမ္မာကလေး ၈၄
၂၄။ အဖေမရှိတဲ့သား ၈၅
၂၅။ အာမခံကြေး ၈၆
၂၆။ စကပြောင်ခ ၈၇
၂၇။ ကလေးရဲ့အမေး ၈၈
၂၈။ အပြေးသမားလေကြားများ ၉၀
၂၉။ ဖတ်ချင်လွန်းတဲ့ ချစ်သဝဏ် ၉၂
၃၀။ ညီမျှခြင်း ၉၃
၃၁။ မလိုချင်လို့ ၉၄
၃၂။ စိတ်ကြိုက်ပေါင်ချိန်စက် ၉၅

| | | |
|---|---|---|
| ၇၃။ | ပန်းချီဆရာရဲ့ ပြန်ကြားစာ | ၉၆ |
| ၇၄။ | စိတ်ပူလို့ပါသားရယ် | ၉၈ |
| ၇၅။ | ဖလှယ်ပေးမည် | ၉၉ |
| ၇၆။ | ဒီအတိုင်းထား | ၁၀၀ |
| ၇၇။ | ရိုးသားတဲ့ ယောကျ်ားမကြီး | ၁၀၁ |
| ၇၈။ | အသက်ကြီးမှ မိန်းမယူခြင်း | ၁၀၂ |
| ၇၉။ | ပျော်စရာ ရှေ့ခဲ့ပြင်ပါတီပွဲ | ၁၀၃ |
| ၈၀။ | လက်ထပ်ချိန် | ၁၀၅ |
| ၈၁။ | အနိုင်ရရင် | ၁၀၆ |
| ၈၂။ | ပတ်ဝန်းကျင်ကောင်း | ၁၀၇ |
| ၈၃။ | နှင်းနဲ့အတူ | ၁၀၉ |
| ၈၄။ | သူ့ခံယူချက် | ၁၁၀ |
| ၈၅။ | ခရမ်းချဉ်သီးရည် | ၁၁၁ |
| ၈၆။ | သူ့ဆန္ဒ | ၁၁၂ |
| ၈၇။ | ခွေးပြောချင်တာက | ၁၁၃ |
| ၈၈။ | ရဲတိုက်ကြီးက ညနေစာ | ၁၁၄ |
| ၈၉။ | အမေးပုစ္ဆာ ၅-ခု | ၁၁၆ |
| ၉၀။ | အံ့ဖွယ်မြင်း | ၁၁၉ |
| ၉၁။ | မျိုးချစ်သူ | ၁၂၁ |
| ၉၂။ | အကြိုပိုင်လိုက်တဲ့ဓနိုးသည် | ၁၂၄ |

၉၃။ ဆံပင်မတိုချင်တဲ့သမီး ၁၂၆
၉၄။ စာကြည့်တိုက်ထဲက သီတင်ခုံ ၁၂၇
၉၅။ မိုးကာအင်္ကျီနဲ့လူ ကလေးချီရ ၁၂၈
၉၆။ မှတ်မိမှာမှ မဟုတ်တာ ၁၃၀
၉၇။ ညအချိန် ပျံသန်းခဲ့စဉ်က ၁၃၂
၉၈။ နောက်တစ်ကောင် ပေါက်လာဦးမှာလား ၁၃၃
၉၉။ အရက်ဆိုင်ကျောင်း ၁၃၄
၁၀၀။ သစ်သီး တစ်ဒါဇင် ၁၃၆
၁၀၁။ ရိုးတဲ့သူတောင်းစားနဲ့ စာရေးဆရာကြီး ၁၃၇
၁၀၂။ ကားရပ်ကွင်းထဲမှာ ၁၃၈
၁၀၃။ အလုပ်ရှုတ်တဲ့ ဗိုက်ကြီးသည် ၁၃၉
၁၀၄။ အသုဘမရှိဘူးဆိုရင် ၁၄၁
၁၀၅။ ကားရွေ့ပေးပါ ၁၄၃
၁၀၆။ ငါးရခဲ့တဲ့နေရာ ၁၄၅
၁၀၇။ အုပ်ထိန်းသူလား ၁၄၆
၁၀၈။ သူရဲ့ညီမ ၁၄၇
၁၀၉။ ကိန်းဂဏန်းတွေအရဆိုရင် ၁၄၉
၁၁၀။ မြင်းကတစ်ကောင် နာမည်ကသုံးမျိုး ၁၅၀
၁၁၁။ ရုံသုံးကလစ်ဆိုတာ ၁၅၂
၁၁၂။ ပေါင်ချိန်နည်းသစ် ၁၅၃

၁၁၃။ ထူးတဲ့ကြော်ငြာသံ ၁၅၅
၁၁၄။ မတွေ့သေးဘူးလား ၁၅၆
၁၁၅။ ဘယ်သူပြောသတုန်း ၁၅၇
၁၁၆။ မစိုးရိမ်ပါနဲ့ ၁၆၀
၁၁၇။ လေယာဉ်ပေါ်မှာ ဆေးလိပ်သောက်သူ ၁၆၁
၁၁၈။ နှုတ်ဆက်ပန်းခြင်း ၁၆၃
၁၁၉။ ချမ်းမြေ့တဲ့ အိမ်ထောင်ရေး ၁၆၄
၁၂၀။ ပရိသောကတွေ ယိုနေတယ် ၁၆၅
၁၂၁။ အဖေ့မိန်းမရေ ၁၆၇
၁၂၂။ အဆီမတိုးပါ ၁၆၈

# မင်းကြိုက်ရာကိုရွေး

ကျောင်းပြေးတဲ့ ကျောင်းသားတစ်ယောက်ကို ကျောင်းအုပ်ဆရာကြီးက သူ့ရုံးခန်းမှာ ခေါ်ယူပြီး စစ်ဆေးနေတယ်။

ဆရာကြီး – မင်း မနေ့က ကျောင်းပြေးပြီး ရေကူးနေတယ်ဆို...

ကျောင်းသား – ဟုတ်ပါတယ်။

ဆရာကြီး – မင်းမှာ အပြစ်ရှိသလား...

ကျောင်းသား – ရှိပါတယ်။

ဆရာကြီး – အပြစ်ပေးရမယ်... ဒါပေမယ့် မင်းက ပထမဦးဆုံး အကြိမ်ဆိုတော့ ရွေးချယ်ခွင့် ပေးမယ်။ ထိုင်ထ အကြိမ် (၁၀၀)လုပ်ရမယ်၊ ဒါမှမဟုတ်ရင် ကြိမ်ဒဏ် ၃ချက်ရိုက်မယ်၊ မင်းကြိုက်ရာကို ရွေးပေတော့...

ကျောင်းသား – ဘယ်ဟာမှ မကြိုက်ပါဘူး ခင်ဗျ။

❑

# အပြန်လမ်း

လက်ဝှေ့သမား နှစ်ယောက်ဟာ အဝတ်စားလဲခန်းက နေထွက်ပြီး စင်မြင့်ရှိရာ လျှောက်လာခဲ့ကြတယ်။ နည်းနည်းလှမ်းတော့ အတော်ကလေးကြာအောင် လျှောက်နေရတယ်။ ရှေ့က လျှောက်သွားနေတဲ့ လက်ဝှေ့သမားက...

"စင်မြင့်နဲ့ အဝတ်လဲခန်းကလဲ အဝေးကြီးပါလား" လို့ အမှတ်မထင် ညည်းညူပြောဆိုလိုက်တယ်။ နောက်မှာရှိနေတဲ့ ပြိုင်ဘက်လက်ဝှေ့သမားက ကြားသွားတဲ့အခါမှာ...

"ပူမနေပါနဲ့ကွာ အပြန်မှာ မင်းလမ်းမလျှောက်ရတော့ပါဘူး။ ထမ်းစင်နဲ့ တင်ခေါ်လာမှာပါ" လို့ လှမ်းအော်ပြောလိုက်တယ်။

❑

# ကြာပွတ်နဲ့ ရိုက်ရမယ့်လူစာရင်း

တက်ဆက်ပြည်နယ်က မြင်းစီး နွားကျောင်းသား (ကောင်းဘွိုင်) တစ်ယောက်ဟာ သူ့လက်ထဲမှာ စက္ကူတစ်ရွက်ကိုင်ပြီး အရက်ဆိုင်တစ်ဆိုင်ထဲ ဝင်လာတယ်။ ဘာစာရွက်ကိုင်လာတာလဲလို့ လူတွေက မေးကြတယ်။

"ကြာပွတ်နဲ့ ရိုက်ရမဲ့လူတွေ စာရင်းပါ"

"စာရွင်းထဲမှာ ငါ့နာမည်ပါလား" ဗလကောင်းကောင်းနဲ့ ကောင်းဘွိုင်တစ်ယောက်က မေးကြည့်တယ်"

"ပါတယ်"

"ဒါပေမဲ့ မင်း ငါ့ကို ရိုက်လို့မရပါဘူး"

"သေချာလား" ဝင်လာတဲ့ ကောင်းဘွိုင်က မေးတယ်။

"သိပ် သေချာတာပေါ့ကွာ"

"ဒီလိုဆိုလဲ မင်းနာမည်ကို စာရင်းထဲက ငါဖျက်လိုက်မှာပေါ့"

❑

## လမ်းကြောင်းလွှဲပေးပါ

မှောင်မိုက်နေတဲ့ ညတစ်ညမှာ...

သင်္ဘောကပ္ပတိန်ဟာ သူ့သင်္ဘော ဦးတည်ခုတ်မောင်းနေရာ လမ်းကြောင်း ရှေ့တည့်တည့်မှာ ငြိမ်သက်နေတဲ့ မီးရောင်တစ်ခုကို တွေ့လိုက်ရတယ်။ ဒီတိုင်းဆက်လာနေရင် သူ့သင်္ဘောနဲ့ တိုက်တော့မှာ...

"ရေလမ်းကြောင်း အရှေ့ ၁၀ ဒီဂရီရွှေ့ပါ" ဆိုပြီး အချက်ပြပို့လိုက်တယ်။

ရှေ့ကရှိတဲ့ အလင်းရောင်ဆီက "မင်းသင်္ဘောကို အနောက် ၁၀ ဒီဂရီရွှေ့ပါ" လို့ အချက်ပြပြန်လာတယ်။

သင်္ဘောကပ္ပတိန် စိတ်ဆိုးသွားတယ်။ ထပ်ပြီး အချက်ပြပို့လိုက်တယ်။

"ငါ...ရေတပ်က ကပ္ပတိန်တစ်ယောက်ပါ။ မင်းလမ်းကြောင်း ပြောင်းပေးပါ"

"ကျွန်ုပ် ဒုတိယတန်း သင်္ဘောသားတစ်ယောက် ဖြစ်ပါတယ်။ ကပ္ပတိန်ရဲ့ လမ်းကြောင်း ပြောင်းပေးပါ"

အဲဒီအခါမှာ သင်္ဘောကပ္ပတိန်ဟာ ဒေါသပိုထွက်သွားတယ်။

"ငါ စစ်သင်္ဘောကွ။ လမ်းကြောင်းမပြောင်းနိုင်ဘူး"

ရှေ့ကမီးရောင်က နောက်ဆုံးပြန်ကြားလိုက်တယ်။

"ကျွန်ုပ် မီးပြတိုက်ကပါ"

❑

# မှန်မကြည့်ဘူးလား

ကျွန်တော့်ရဲ့ မျက်စိတွေ မှုန်လာတာကြောင့် မျက်မှန်တပ်ဆင်ရရင်ကောင်းမလား၊ မျက်ကပ်မှန်ထည့်ရရင် ကောင်းမလား ဆိုတာကို မျက်စိကုဆေးရုံဆီသွား အကြံဉာဏ်တောင်းမယ်လို့ စိတ်ကူးထားတယ်။ ပါရဂူဆီမသွားခင် မျက်မှန်တပ်နေရတဲ့ သူငယ်ချင်းတစ်ယောက်နဲ့ ကျွန်တော့်စိတ်ကူးကို ပြောပြနေတယ်။

"မျက်မှန်မတပ်ဘဲနေတာ ကြည့်ကောင်းသလား... မကောင်းသလားတော့ ငါ မပြောတတ်ပါဘူးကွာ" လို့ သူငယ်ချင်းက ပြောပြတယ်။

"ဘာဖြစ်လို့လဲ... မင့်းအိမ်မှာ ကြည့်စရာမှန်မရှိဘူးလား" ကျွန်တော်က ထုပ်မေးကြည့်တယ်။

"မှန်ရှိတာပေါ့ကွာ... ဒါပေမယ့် မျက်မှန်မတပ်ပဲ မှန်ကြည့်ရင် မြင်မှမမြင်ရတဲ့ဥစ္စာ" လို့ သူကပြန်ဖြေပါတယ်။

❑

# ရှေ့နေနဲ့ ဆရာဝန်ညီအစ်ကို

ဥပဒေလုပ်ငန်းခွင်မှာ လပေါင်း တော်တော်ကြာအောင် အလုပ်လုပ်ပြီးဖြစ်တဲ့ ကျွန်တော်ဟာ အစ်ကိုဖြစ်သူ ဆရာဝန် ကျွန်နဲ့ စကားပြောနေကြပါတယ်။

"ကျွန်တော့် အလုပ်က သိပ်စိတ်ဝင်စားဖို့ကောင်းတယ်။ သူတွေဟာ ကျွန်ကော့်ရဲ့ ရုံးခန်းထဲဝင်လာကြတယ်။ သူတို့ရဲ့ ပြဿနာ အခက်အခဲတွေကို ပြောပြကြတယ်။ ကျွန်တော်က အကြံပြုလိုက်တဲ့ အခါမှာ ပိုက်ဆံပေးသွားကြတယ်" လို့ ကျွန်တော်က ပြောပြလိုက်တဲ့အခါ... ကျွန်ဟာ အစ်ကိုကြီးပီပီ၊ အပေါစီး လေသံနဲ့ ဒီလိုပြန်ပြောခဲ့ပါတယ်။

"မင်းသိတဲ့အတိုင်း ငါ့အလုပ်ကတော့... လူတွေဟာ ငါ့ရုံးခန်းဝင်လာကြတယ်။ သူတို့ရဲ့ ပြဿနာအခက်အခဲတွေကို ပြောပြကြတယ်။ သူတို့ရဲ့ အဝတ်အစားတွေကို ချွတ်ပစ်လိုက်ကြတယ်။ နောက်ပြီး... ငါ့ရဲ့ အကြံပြုချက်အတွက် ပိုက်ဆံပေးသွားကြတယ်"။

❑

## အိပ်ရာထ နောက်ကျသူ

ကျွန်တော်ရဲ့ ဇနီးဖြစ်သူက သမီးငယ်လေး အိမ်စာလုပ်
နေတဲ့အနားမှာ ကူညီစာထောက်ပေးနေတယ်။ "နေဟာ ဘယ်
အရပ်က ထွက်ပေါ်လာသနည်း" ဆိုတဲ့ မေးခွန်းကို သမီးငယ်
လေး အဖြေရှေးဖို့ အခက်တွေ့နေပါတယ်။

ဇနီးသည်က ဒါလေးတောင် မသိရကောင်းလားဆိုက
သမီးငယ်လေးကို ဆူပူနေတယ်။ ဒါပေမယ့် သမီးငယ်လေးက
လေသံခပ်အေးအေးနဲ့...

"ကျွန်မ ဘယ်လိုလုပ်သိပါ့မလဲ... ကျွန်မမှ အဲဒီလောက
စောစော နေမထွက်ခင် အိပ်ရာက မထဘူးတာ" လို့ ပြန်ပြော
တယ်။

❑

## ကလေးဆင်ခြေ

ကျွန်ုပ်ရဲ့မြေးကလေး သြဂတ်စတင်းဟာ အသက်သုံးနှစ်ကျော်ကျော်မျှသာ ရှိပေမယ့် စကားအလွန်တတ်ပါတယ်။ တစ်ရက်မှာ သူဟာ ဘောလုံးတစ်လုံးနဲ့ လမ်းပေါ်ဆော့ကစား နေတယ်။ ကျွန်တော်က အမြင်မတော်တာကြောင့်...

"ဟေ့ကောင်... မင်းကို ကားတိုက်သွားလို့ ဒုက္ခရောက်နေဦးမယ်၊ လာလာ ပြန်လာခဲ့"လို့ လှမ်းခေါ်လိုက်တယ်။

"ကားကိုများ ဘိုးဘိုးကြီးရာ ကြောက်နေစရာမလိုပါဘူး။ ကားထက်ကြီးတဲ့ လေယာဉ်ပျံကြီးတွေ သားရဲ့ခေါင်းပေါ်မှာ ဖြတ်ပျံသန်းနေတာတောင် သားဘာမှ မဖြစ်ပါဘူး"လို့ ပြန်ပြော လိုက်ပါတယ်။

❑

## အသက်ကယ်အင်္ကျီ

နှယ်းဇီလန်ကို သွားဖို့ရက် အနည်းငယ်အလိုမှာ ကျွန်တော်ရဲ့ ဇနီးဖြစ်သူဟာ ချော်လဲပြီး မြီးညောင်းရိုးနာသွားတယ်။ ဒဏ်ရာသိပ်မပြင်းထန်ပေမယ့် ခရီးရှည်ကြီးကို ထိုင်စီးရမှာ မသက်မသာဖြစ်နေတယ်။ ဒီတော့ လေယာဉ်ပေါ်မှာ ဖင်ထိုင်ရာသက်သာအောင်ဆိုပြီး ခွေစိတ်ခန်းသုံး လေအိပ်ကွင်းတစ်ခုကို ဝယ်ယူလာခဲ့တယ်။

လေယာဉ်ပေါ်ရောက်ပြီး ထိုင်ခုံမှာ နေရာယူပြီးတာနဲ့ ကျွန်တော်ဟာ ဇနီးသည်အတွက် ဖင်ထိုင်ရအောင် လေအိတ်ကွင်းကို လေမှုတ်သွင်းနေလိုက်ပါတယ်။ အဲဒီအချိန်မှာ "ငါတို့ယူမလာမိဘူးကွာ၊ သူတို့တောင် အသက်ကယ်အင်္ကျီတွေ လေမှုတ်နေကြပြီ" ဆိုကာ နောက်ခုံကနေ တီးတိုးပြောနေသံကို သဲ့သဲ့ကလေး ကြားလိုက်ရတယ်။

❑

# ဘယ်လောက်ကြာပြီလဲ

အပန်းဖြေ အနားယူစခန်းတစ်ခုမှာ...

"အရမ်းကောင်းတဲ့ ရာသီဥတုပဲဗျာ... ကျွန်တော် ရောက်စတုန်းကဆိုရင် လမ်းလျှောက်နိုင်ဖို့ဆိုတာ ဝေလာဝေး၊ ဆံပင်မွေးတောင်မစုံသေးဘူး" ဆိုပြီး ကျန်းကျန်းမာမာ တုတ်တုတ်ခိုင်ခိုင်နဲ့ ယောကျ်ားပီပီသသရှိတဲ့ လူတစ်ယောက်က အခြားလူတစ်ယောက်ကို ပြောပြနေတယ်။

အပြောခံရတဲ့သူဟာ လာပြောသူကို တစ်ကိုယ်လုံးခြုံကြည့်လိုက်ပြီး "ခင်ဗျား ဒီကိုရောက်တာ ဘယ်လောက်ကြာပြီလဲ" လို့ ရှေးစမ်းကြည့်လိုက်တယ်။

"မွေးကတည်းကပါ"

❑

## မျှဝေခံစားကြပုံ

ကိုယ်ဝန်ဆောင် ဆေးစစ်ခံသွားစဉ်က ဖြစ်ပါတယ်။ ကျွန်မဟာ အသဲလိုင်းနဲ့ စစ်ဆေးခံရမှာမို့ သန္ဓေသားရုပ်ပုံကြည်ကြည်လင်လင် ပေါ်အောင်ဆိုပြီး ဆေးခန်းမလာမီ ရေအများကြီး သောက်ထားခဲ့ပါတယ်။ ကျွန်မအလှည့်ကို စောင့်နေပါတယ်။ စောင့်နေတုန်းမှာ...

ဇနီးသည်နဲ့ အဖော်လိုက်လာတဲ့ အမျိုးသားတစ်ယောက်ကို တွေ့လိုက်ရတယ်။ သူ့ကြည့်ရတာ ထိုင်လိုက်၊ ထလိုက်နဲ့ ဂနာမငြိမ်ဖြစ်နေတယ်။ ဘယ်လိုဖြစ်နေတယ် မသိဘူး။ သူ့ကို တွေ့သွားတဲ့ သူနာပြုဆရာမတစ်ယောက်က ဘာများ ဖြစ်နေသလဲလို့ မေးမြန်းကြည့်တယ်။

"ဘာမျှမဖြစ်ပါဘူး...ကောင်းပါတယ်" လို့ အမျိုးသားက ပြန်ဖြေတယ်။ နောက်ပြီး အဲဒီအမျိုးသားက...

"ဆရာမတို့ သိပ်ကြမှာပါ၊ ကိုယ်ဝန်ဆောင်ရတဲ့ ဒုက္ခကို ရှင်တို့ နားမလည်ပါဘူးလို့ မိန်းမက ကျွန်တော့်ကို အမြဲတမ်း ပြောပြောနေတယ်။ ဒီလိုဆို မင်းဆီက ဒုက္ခတစ်ခုခုကိုတော့ ငါမျှယူနိုင်ပါတယ်ကွာဆိုပြီး ဒီကိုမလာခင် ကျွန်တော်တို့ နှစ်ယောက် ရေတွေတစ်ဖန်ခွက်ပြီး တစ်ဖန်ခွက် အတူတူသောက် လာခဲ့ကြပါတယ်။ သူစမ်းသပ်လို့ မပြီးမချင်း ကျွန်တော့်ကို အိမ်သာမသွားရဘူးလို့ မှာထားပါတယ်" ဆိုပြီး မသက်မသာနဲ့ ဆက်လက်ပြောပြပါတယ်။

❑

## သက်သာရာဆိုလို့

လူတစ်ယောက်ဟာ အလွန်တစ်ရာ သေးငယ်တဲ့ ရူးဖိနပ်တစ်ရံကိုစီးပြီး ထော့ကျိုး၊ ထော့ကျိုးနဲ့ လှမ်းလျှောက်နေတယ်။ တွေ့ကြသူအများက မတော်တရော်ဖိနပ်ကို ဘာဖြစ်လို့ အနာခံစီးနေတာလဲလို့ မေးကြတယ်။

"ကျုပ်လုပ်ငန်းတွေ အရှုံးပေါ်တယ်ဗျာ၊ မိန်းမကလဲ အိမ်ပေါ်က ဆင်းသွားပြီဗျာ၊ ကျုပ်သား လုပ်စာကလဲ စားဖို့ပဲရတာ"

"အဲဒါတွေနဲ့ ခင်ဗျားရူးဖိနပ် ဘာဆိုင်လို့လဲ"

အဲဒီလူက ထပ်မံရှင်းပြတယ်။

"ဆိုင်ပါသော်ကောဗျာ၊ ကျွန်တော် နေ့တိုင်းလိုလို စိတ်ညစ်နေရမါတယ်။ သဲ့သ်ာရာရတဲ့ အချိန်ဆိုလို့ အိမ်ကိုပြန်ရောက်ပြီး ရူးဖိနပ်ချွတ်လိုက်တဲ့ အချိန်ကလေး ဖြစ်ပါတယ်"

❑

## ဘယ်ကမျိုးလဲ

ကျွန်မရဲ့ ယောကျ်ားဖြစ်သူက ဘူမိဗေဒပညာရှင် တစ်ယောက်ဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ သစ်ပင်ပန်းပင်တွေကိုလည်း အလွန်စိတ်ဝင်စားတတ်သူဖြစ်တယ်။ ရက္ခဗေဒဥယျာဉ်တွေထဲကို မကြာမကြာလမ်းလျှောက်နေလေ့ ရှိတယ်။

တစ်ရက်မှာ...

ကျွန်မနဲ့အတူ လမ်းလျှောက်နေရင်းက သစ်ပင်တစ်ပင်ကို စူးစိုက်ကြည့်နေတယ်။ နောက်ပြီး...

"မင်းသိသလား၊ ဒီအပင်ဟာ တောင်အာဖရိက ကလာတဲ့ မျိုးမဟုတ်လား" ဆိုပြီး ဥယျာဉ်စောင့်ကို မေးကြည့်တယ်။

"မဟုတ်ပါဘူးခင်ဗျ၊ ဒီမှာရှိတဲ့ အပင်တွေအားလုံး မြို့နိစပယ်အဖွဲ့ပိုင် ပျိုးခင်းကလာတဲ့ မျိုးတွေပါ" လို့ ဥယျာဉ်စောင့်က ပြန်လည်ဖြေကြားလိုက်တယ်။

❑

## ပါရဂူစမ်းသပ်ခ

မောပန်းပြီး ခြေလက်တွေ . မသယ်ချင်အောင်ဖြစ်နေတာကြောင့် 'ဂျယ်ရီ'ဟာ နာမည်ကျော် ဆေးကုသမှုပါရဂူတစ်ဦးနဲ့ တွေ့ဆုံဖို့ရက်ချိန်းယူထားတယ်။ နားနေခန်းထဲမှာ ပါရဂူကိုတွေ့ဆုံဖို့ စောင့်ဆိုင်းနေတဲ့ လူနာတွေပြည့်ကျပ်နေတယ်။ ဂျယ်ရီဟာ လူနာတွေကြား ဝင်ထိုင်လိုက်တယ်။ ခဏကြာတဲ့ အခါမှာ သူ့ဘေးနားထိုင်နေတဲ့ သူတစ်ယောက်ကို တိုးတိုးတိတ်တိတ်နဲ့ စပ်စုလိုက်တယ်။

"ဒီဆရာဝန်တော်တော်ကောင်းလိမ့်မယ်၊ ဟုတ်တယ်နော်"

"အတော်ဆုံးထဲက တစ်ယောက်ပါ"

ဂျယ်ရီဟာ တစ်စုံတစ်ရာအတွက် စိုးရိမ်သွားတယ်။ ဒါကြောင့် ဆက်လက်စပ်စုပြန်တယ်။

"ဆိုပါဦးဗျာ... စမ်းသပ်ခ ဈေးအရမ်းကြီးမယ်ထင်တယ်"

"ပထမဦးဆုံးအကြိမ်ဆို ဒေါ်လာ ၁၀၀ ယူတယ်။ နောက်ထပ်တစ်ကြိမ် လာလာပြတိုင်း ၅၀ ပဲယူပါတယ်"

ဂျယ်ရီတစ်ယောက် ဝေခွဲရခက်သွားတယ်။ ထပြန်သွားရရင်ကောင်းမလား၊ ဆက်စောင့်နေရမလားဆိုတာ မိနစ်အတော်ကြာအောင်စဉ်းစားနေမိတယ်။ "နောက်ထပ်တစ်ကြိမ်လာလာပြတိုင်း ၅၀ပဲယူပါတယ်" ဆိုတာကို နှုတ်ကရေရွတ်နေတယ်။

နောက်ဆုံးမှာတော့ ရုံးအဖွဲ့က သူ့နာမည်ကို လှမ်းခေါ်လိုက်တယ်။

ဂျယ်ရီဟာ ဆရာဝန်ဆီပြေးသွားပြီး လက်နှစ်ဖက် ဆန့်တန်းကာ "ဟိုင်း... ဆရာဝန်ကြီး၊ ကျွန်တော် ထပ်ပြီးလာခဲ့ရပါပြီခင်ဗျာ" လို့ နှုတ်ဆက်စကား ဆိုလိုက်ပါတယ်။

**RD - 11/82**

❑

# ကျန်းမာရခြင်း အကြောင်းရင်း

၁၈၁၂ခုနှစ်က အမေရိကန် သတင်းထောက်တစ်ဦးဟာ စပျစ်ခြံကြီးထဲမှာ နေထိုင်တဲ့ အသက် (၁၀၂)နှစ်တွင်း ဝင်နေပြီ ဖြစ်သော ပြင်သစ်အဘိုးကြီးအိုတစ်ယောက်ကို တွေ့ရှိခဲ့ရပါတယ်။

"ကျွန်တော်ဘာဖြစ်လို့ ကျန်းမာရေး ဒီလောက်ကောင်းနေရ သလဲဆိုတော့၊ ဝိုင်ကလွဲပြီး၊ ရေတစ်ပေါက်တောင် ကျွန်တော့် နှုတ်ခမ်းဖျားနဲ့ မထိဖူးဘူးဗျ" ပြင်သစ်အဘိုးကြီးက ပြောပြခဲ့ ပါတယ်။

"အဲဒါကိုတော့ ကျွန်တော် မယုံနိုင်ဘူးဗျာ၊ မနက်ခင်းမှာ ခင်ဗျား သွားမတိုက်ဘူးလား" သတင်းထောက်က ပြုံးရယ်စွာ မေးလိုက်တယ်။

"တိုက်တာပေါ့ဗျာ၊ အဲဒီအခါမှာ ကျုပ်က ဝိုင်အဖြူ ရောင် ပျော့ပျော့ကို သုံးတယ်လေ" လို့ အဘိုးကြီးက ခပ်အေးအေး ကလေးပြန်ဖြေလိုက်ပါတယ်။

**RD - 11/82**



## ဟာသ အကျိုး

ဂျပန်ပြည်က နာမည်ကျော် ဟွန်ဒါမော်တော်ယာဉ် ကုမ္ပဏီ တည်ထောင်ခဲ့သူ "ဆိုအိချိရိဟွန်ဒါ"ဟာ သူ့ရဲ့ ကနဦးအစ မော်တော်ယာဉ် ထုတ်လုပ်သူဘဝကို သတိရနေမိတယ်။

၁၉၅၁ ခုနှစ်မှာ "တာကီယိုဖူဂျိဆဝ"နဲ့ နှစ်ယောက်စပ်တူ ကလေးစီး မော်တော်ဆိုင်ကယ် ထုတ်လုပ်မှုကို တီထွင်လုပ် ဆောင်ခဲ့ကြတယ်။ လုပ်ငန်းတိုးချဲ့ဖို့ ငွေအမြောက်အမြား လိုလာ တယ်။ သူတို့ နှစ်ယောက်ဟာ မစ်ဆူဘီရှိဘဏ်မှာ ချေးငွေထုတ် ပေးဖို့ အသနားခံ လျှောက်ထားခဲ့ကြတယ်။ ဘဏ်က အရာရှိ တွေကိုလည်း ခေါ်ယူပြီး ပါတီပွဲကျင်းပပေးတယ်။ ပါတီပွဲလာတဲ့ မိတ်ဆွေတွေ အတော်ကလေးမူးယစ်သွားကြတယ်။ စင်မြင့်ပေါ် မှာ ရယ်စရာ ဟာသပြကွက်နဲ့ တေးသီချင်းတွေ၊ ပုံပြင်တွေ တင်ဆက်ဖျော်ဖြေပေးတယ်။ ဘဏ်အရာရှိတွေလည်း ပျော်ရွှင်

သဘောခွေ့နေကြတယ်။

နောက်တစ်နေ့ မနက်မှာ ဟွန်ဒါတို့သူငယ်ချင်းနှစ်ယောက် ငွေချေးထားတဲ့ ဘဏ်ကို အားကိုးတကြီးနဲ့ သွားကြတယ်။ သူတို့ကို ဘဏ်အရာရှိတွေကလည်း ခင်မင်သိကျွမ်းသွားကြပြီမို့ ရမယ်လို့ မျှော်လင့်ထားပြီးဖြစ်တယ်။ ဘဏ်ကိုရောက်တဲ့ အခါမှာ ချေးငွေ လျှောက်လွှာအခြေအနေကို စုံစမ်းမေးမြန်းကြည့်ကြတယ်။ သူတို့ရဲ့ ချေးငွေလျှောက်လွှာအပေါ် ဘဏ်က ချေးငွေထုတ်မပေးဘဲ ပယ်ချခြင်း ခံခဲ့ရတယ်။ ပယ်ချခံရတဲ့အကြောင်းပြချက်ကတော့ "လူရွှင်တော်နှစ်ယောက် ဦးစီးတဲ့ ကုမ္ပဏီတစ်ခုကို ကျွန်ုပ်တို့ ဘဏ်အနေဖြင့် မယုံကြည်နိုင်ပါ" လို့ ဖြစ်ပါတယ်။

❑

## ဆယ်မိနစ်အတွင်းမှာ

ပင်လယ်ကူးသင်္ဘောပေါ်က သင်္ဘောသားတစ်သိုက်ဟာ မြို့တစ်မြို့ရဲ့ ဆိပ်ကမ်းကို မကြာမီဆိုက်ကပ်ရတော့မှာဖြစ်လို့ အရမ်းပျော်ရွှင်နေကြတယ်။ ခွင့်မယူရဘဲ တာဝန်ထမ်းဆောင်နေရတာ တစ်နှစ်လောက်ကြာသွားခဲ့ပြီ။

"လောင်းကြေးစားကြေးလုပ်မယ်ဟေ့... ဆိပ်ကမ်းပေါ် ရောက်ပြီး၊ ဆယ်မိနစ်အတွင်းမှာ ငါ့ရဲ့လက်မောင်း တစ်ဖက် တစ်ချက်ဆီမှာ မိန်းမချောလေးတစ်ယောက်ဆီ ရှိနေရမယ်ကွာ" တစ်ယောက်က အော်ဟစ်ပြောဆိုကြွားဝါလိုက်တယ်။

"သွားစမ်းပါကွာ၊ ဒီလောက်မြန်အောင် ထိုးပေးနိုင်မဲ့ဆေးမင်ကြောင် ဆရာမရှိသေးပါဘူး" လို့ နောက်တစ်ယောက်က ပြက်ရယ်ပြုခဲ့တယ်။

**RD - 8/83**

# ရေကူးကန်ဝင်ကြေး

ကနေဒါနိုင်ငံ အနောက်မြောက်ပိုင်း၊ ဖို့ဒ်ခရိုင်ရဲ့ အာဏာပိုင်တွေဟာ မြို့မှာ အမှိုက်တွေ ရှင်းလင်းအောင်ပြုလုပ်တဲ့ နေရာမှာ တစ်မူထူးခြားတဲ့ နည်းလမ်းတစ်ခုကို အသုံးပြုခဲ့ပါတယ်။

စနိုးရိုးစားသောက်ဆိုင်နားမှာ မြို့ရဲ့ အပန်းဖြေစရာရေကူးကန်တစ်ခုရှိပါတယ်။ ရေကူးကန်ကို ကျန်းမာရေးညီညွတ်အောင်၊ အသက်အန္တရာယ်ဘေးမရှိအောင် စီမံပေးထားတယ်။ ရေကူးကန်ဝင်ကြေးက ငွေကြေးတစ်ပြားတစ်ချပ်မျှ ပေးစရာမလိုဘူး။ ဒါပေမယ့် ရေကူးကန်ရဲ့ အနီးမှာထားရှိတဲ့ အမှိုက်ပုံးထဲကို လမ်းတွေပေါ်က ကောက်ယူလာတဲ့ အမှိုက်စ ၄-ခု ထည့်ပေးရပါ၏ယ်။

**RD - 11/82**

❑

## အမေရိကတိုက်ကို တွေ့ဖို့မလွယ်

ခရစ္စတို ကိုလမ်ဘတ်ရဲ့အိမ်မှာ မိန်းမတစ်ယောက်ရှိနေ ဖယ်ဆိုရင်၊ သူဟာ အမေရိကတိုက်ကို ရှာဖွေတွေ့ရှိနိုင်ခဲ့ ပါမည်လား၊ စဉ်းစားစရာပါ။

"မင်းဘာသွားမလို့လဲ၊ ဘယ်သူတွေနဲ့တုန်း၊ ဘာသွား လုပ်မှာတုန်း၊ ဘယ်တော့ပြန်လာမှာတုန်း" ဒီလိုမေးခွန်းတွေကို ခရီးထွက်လို့ မဖြစ်နိုင်အောင် မေးနေဦးမှာ သေချာပါတယ်။

**RD - 11/82**

❑

## ဂန္ဓဝင်ဂီတ အရသာ

ကျွန်တော်ရဲ့ သူငယ်ချင်း "မိုက်ကယ်" ဟာ ရှော့ခ်အင်ရိုးလ် ဂီတ အသံဉီးစွဲတစ်ယောက်ဖြစ်တယ်။ သူ့ကို ဂန္ဓဝင် တေးဂီတ အပေါ်စိတ်ဝင်စားလာအောင် ကျွန်တော် ကြိုးပမ်းခဲ့ပါတယ်။ မိုးဇတ်ရဲ့ ဂီတပွဲတော်ကြည့်ဖို့ လက်မှတ်တစ်စောင်ဝယ်ပြီး သူ့ကို ပေးလိုက်တယ်။ သူကလည်း လိုလိုချင်ချင်ပဲ၊ ကျွန်တော် နဲ့အတူတူ သံစုံတီးဝိုင်းကြီး နားထောင်ရမှာကို ပျော်နေပုံရတယ်။

ပွဲတော်ပြီးသွားတဲ့အခါမှာ မိုးဇတ်ရဲ့ တေးဂီတတွေဟာ စိတ်ကို လှုပ်ရှားစေကြောင်း၊ ဂီတသံတွေနားထောင်နေစဉ်မှာ ဂီတ သံစဉ်တွေက မိမိကိုလာပြီး စကားပြောနေသလို ခံစား ရကြောင်း ပြောပြလိုက်တယ်။

"ဟုတ်ပါလိမ့်မယ်၊ မင်းဘာကို ဆိုလိုတယ်ဆိုတာ ငါနားလည်ပါတယ်" လို့ မိုက်ကယ်က သဘော တူညီကြောင်း

ဆေင်းညိတ်ပြတယ်။

ငါတော့ သူ့ကို ဂန္ဓဝင်စေား ဂီတအပေါ် နှစ်သက်သွား အောင်လုပ်ပေးနိုင်လိုက်ပြီဆိုတာ ကျွန်တော်ဟာ ကျေနပ်နေတယ်။ ဒါနဲ့ မိုးဇော်ရဲ့ ဂီတက မင်းကို ဘာတွေပြောပြနေသလဲလို့ ထပ်မေးကြည့်လိုက်မိတယ်။

"ဂီတက ပြောနေတယ်လေ... အိပ်တော့လေ... မိုက်ကယ် အိပ်တော့တဲ့" ဆိုပြီး သူကပြန်ဖြေလိုက်ပါတယ်။

❑

## ခရီးဘွားဓာတ်ပုံသမား

ကျွန်တော်ရဲ့ ညီဝမ်းကွဲ ကြေးစားပညာရှင်ဓာတ်ပုံ သမားတစ်ယောက်ဟာ နိုင်ငံခြားကို မကြာမကြာခရီးထွက်နေလေ့ရှိပါတယ်။

ခရီးစဉ်တစ်ခုမှာ လေယာဉ်ပေါ်စီးနင်းနေရင်း စိတ်ဝင်စားဖို့ကောင်းတဲ့ တိမ်တိုက်ပုံစံတစ်ခုကို တွေ့မြင်လိုက်ရတယ်။ ဒီတိမ်တိုက်ပုံကို ဖလင်ထဲမှာ မိမိရရမှတ်တမ်းတင် ထားနိုင်ပြီဆိုရင် ငွေရနိုင်တာကြောင့်၊ သူဟာ တိမ်တိုက်ပုံကို စိတ်ဝင်တစားနဲ့ ဓာတ်ပုံရိုက်ကူးနေပါတော့တယ်။ ပြတင်းပေါက်နားက လူမရှိတဲ့ထိုင်ခုံတွေမှာ ဟိုကူးဒီကူးလုပ်နေရတာပေါ့။ အခြားခရီးသည်တွေကလည်း သူ့ကိုကြည့်ပြီး သဘောကျနေကြတယ်။ စိတ်တိုင်းကျရိုက်ကူးပြီးတဲ့အခါမှာ ကျွန်တော့်ညီဟာ အားပါးတရ ထိုင်ချလိုက်ပါတော့တယ်။

သူ့ကိုကြည့်ပြီး မျက်စိနောက်နေတဲ့ ခရီးသည်တစ်ယောက်
စီတ်ကို ထိန်းထားလို့မရတော့ဘူး။ "ဒီလိုလေယာဉ်စီးရ
မင်းအဖို့ ပထမဆုံးအတွေ့အကြုံဖြစ်ရမယ်၊ ဟုတ်လား"
လွတ်ကနဲထွက်ပေါ်လာကာ မေးမြန်းလိုက်ပါတယ်။

❑

## ဒါလေးများ

ကျွန်မ စားနေကျစားသောက်ဆိုင်မှာ ငရုတ်သီးစပ်စ
ဟင်းချိုတစ်ခွက်မှာလိုက်တယ်။ စားပွဲထိုးမအသစ်ကလေးပ
ကျွန်မမှာတာကို စာရွက်ထဲမှာ ရေးမှတ်ပြီး ထွက်သွားတယ
ခဏအကြာမှာ အသီးအရွက် ဟင်းချိုတစ်ခွက်လာချပေးတယ
ကျွန်မ မှာထားတဲ့အတိုင်းမဟုတ်လို့ စာပွဲထိုးမလေးကို ပြန်ပြ
လိုက်တယ်။

"မင်းမှာနေပြီထင်တယ်၊ ငါမှာထားတာ ငရုတ်သ
ဟင်းချို"

ကျွန်မ စကားကို ကြားလိုက်ရတဲ့ စားပွဲထိုးမလေးဟ
နည်းနည်းကလေးတွန့်သွားတယ်။ နောက်ပြီးတော့ "မပူပါ
ဘာပြဿနာမှ မရှိအောင် ကျွန်မလုပ်ပေးနိုင်ပါတယ်" ဆ
ဆက်ပြောပြန်တယ်။

တစ်ဆက်တည်းမှာပဲ သူ့အိတ်ကပ်ထဲက အမှာစာရွက်လေးကို ထုတ်ယူလိုက်တယ်။ အမှာစာရွက်မှာ ကျွန်မရေးထားတဲ့ အတိုင်း သူရေးထားတဲ့ "ငရုတ်သီးဟင်းချို"ကို ဖြတ်ခြေခတ်လိုက်ပြီး "အသီးအရွက် ဟင်းချို"လို့ ပြင်ရေးလိုက်တယ်။ နောက်... ကျွန်မကို ပြုံးပြကာ အခြားစားပွဲကို ပြန်သွားပါတယ်။

ဖြတ်ထိုးဉာဏ်ကောင်းတဲ့ စားပွဲထိုးမလေးကို စကားဆက်ဆိုတော့ဘဲ အသီးအရွက်ဟင်းချိုကိုသာ သောက်လိုက်ရပါတော့တယ်။

□

## မူကြမ်းအတိုင်းပါပဲ

ဌာနဆိုင်ရာ ရုံးတစ်ခုမှ အရာရှိတစ်ယောက်ဟာ လက်နှိ
စက်ရိုက်တဲ့ စာရေးမလေးကို ခေါ်ယူလိုက်တယ်။ သူရိုက်ပေးထာ
တဲ့ လက်နှိပ်စက်စာရွက်ကိုကြည့်ပြီး မကျေမနပ်ဖြစ်ကာ ဆူပူလို
တယ်။

အရာရှိ – မင်းရိုက်တဲ့စာ ဖျက်ရာ သိပ်များတယ်။

စာရေးမ – ဆရာရေးထားတဲ့ မူကြမ်းအတိုင်း ပါပဲ။

အရာရှိဟာ ဘာပြန်ပြောရမှန်း မသိတော့ပါဘူး။

❑

# ပူတတ်သူ

ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ တန်ခိုးထွားခဲ့စဉ်က ဖြစ်ပါတယ်။ စုပေါင်းလယ်ယာအသင်း တစ်သင်းမှ ဥက္ကဋ္ဌဖြစ်သူက နှစ်ပတ်လည်အစည်းအဝေးတစ်ခုမှာ သီးနှံစိုက်ပျိုးရေးလုပ်ငန်း အခြေအနေတွေကို တင်ပြဆွေးနွေးနေတယ်။

"ရိတ်သိမ်းရမှာက အများကြီးပဲ၊ စက်ယန္တရားကလဲ မလုံလောက်ဘူး။ လူအင်အားကလဲ လျော့နည်းနေတယ်။ တောကလူတွေမြို့ကိုသွားပြီး စုပုံနေကြတယ်။ ဒါပေမဲ့ စိတ်ရှည်ရှည်ထားသည်းခံကြပါ ရဲဘော်တို့။ ကွန်မြူနစ်လမ်းစဉ်ဟာ မှန်ကန်တယ်။ တို့တစ်တွေဟာ တစ်နေ့မှာ ကမ္ဘာကြီးကို အုပ်စိုးရလိမ့်မယ်။

ဥက္ကဋ္ဌရဲ့ ဆွေးနွေးချက်အပြီးမှာ ပရိသတ်ထဲက အသံတစ်သံထွက်ပေါ်လာတယ်။

"အဲဒီအချိန်မှာ ကျုပ်တို့စိုက်ထားတဲ့ ဂျုံကို ဘယ်သူတွေက လာဝယ်ကြမှာတုန်း" ဥက္ကဋ္ဌရော အသင်းသားတွေပါ ငြိမ်ကျသွားခဲ့ရတယ်။

❑

# သူ့အမြင်

ဂိတပညာသင်ကျောင်းတက်ရောက်ချင်တဲ့ မီးသတ်ရဲဘော်တစ်ယောက်ဟာ ဝင်ခွင့်စာမေးပွဲမှာ လူတွေ့စစ်မေးခြင်းခံခဲ့ရတယ်။

"စန္ဒရားနဲ့တယော ဘာကွာခြားလဲ" ဆိုပြီး အမေးခံလိုက်ရတယ်။

မီးသတ်ရဲဘော်က...

"စန္ဒရားတစ်လုံးက တယောတစ်လက်ထက်ပိုပြီး အချိန်ကြာကြာ မီးလောင်ခံနိုင်ပါတယ်" လို့ ပြန်ဖြေလိုက်တယ်။

❑

## ဘယ်ကမ္ဘာကိုလဲ

"ငါ ကားတစ်စီးဝယ်ပြီးပြီ။ ကမ္ဘာကြီးအကြောင်းပိုသိရ
အောင် ဟိုဟိုဒီဒီ လျှောက်သွားကြည့်ချင်တယ်"

"ဘယ်ကမ္ဘာကိုလဲ၊ တို့နေတဲ့ ကမ္ဘာကြီးကိုလား။ အခြား
ကမ္ဘာကိုလား"

❑

# ဘုရင်မကြီးလာရင် ပြုံးနေကြ

၁၇၈၇ ခုနှစ်မှာ ကက်သရင်း ဘုရင်မကြီးဟာ ရုရှပြည်နယ် ကျေးရွာများကို လှည့်လည်စစ်ဆေးခဲ့တယ်။ သာယာဝပြောနေတဲ့ ကျေးရွာတွေ၊ ပြိုးပျော်ရွှင်နေတဲ့ ပြည်သူအများကို တွေ့ခဲ့ရတယ်။

ဘုရင်မကြီးဟာ မိမိကိုယ်မိမိ တာဝန်ကျေပွန်အောင် မြင်တဲ့ ဘုရင်မကြီးအဖြစ် ကျေနပ်အားရနေမိတယ်။ ဒါပေမယ့် အမှန်တရားဆိုတော့ မသိရှာခဲ့ဘူး။ ဝန်ကြီးချုပ်လုပ်နေတဲ့ မျက်စိတစ်ဘက်လပ် ဂရေဂရီရဲ့ တစ်ပတ်ရှိက်လိမ်လည်ဇာတ်ကို ခံလိုက်ရတာ ဖြစ်ပါတယ်။

ဘုရင်မကြီးရဲ့ ခရီးစဉ်အတွင်းမှာရှိတဲ့ လမ်းဘေးက ရွာသားတွေကို လမ်းတွေရှင်းလင်းထားရန်၊ အိမ်တွေကို ဆေးသုတ်ထားရန်၊ ဝတ်ကောင်းစားလှများ ဝတ်ဆင်ပြီး ဘုရင်မကြီးလာရင် ပြုံးနေကြရန် ဝန်ကြီးချုပ်က ကြိုတင်အမိန့်ထုတ်ထားခဲ့ပါတယ်။

❑

## ဟန်ပြတိုင်မကြီး ၄လုံး

၁၆၈၉ ခုနှစ်မှာ လန်ဒန်မြို့အနီး ဝင်ဆာမြို့တော်ခန်းမကြီး၏ အိတွင်းပိုင်းကို ဗိသုကာဆရာကြီး 'ဆာခရစ္စတိုဖာဝရင်း' က ပုံစံရေးဆွဲပြီး၊ မျက်နှာကြက်ကို တိုင်မကြီးများ ထောက်၍ ဆောက်လုပ်ပေးခဲ့ပါတယ်။

ပြီးစီးသွားတဲ့ အဆောက်အအုံကို မြို့မျက်နှာဖုံးလူကြီးတွေလာရောက်စစ်ဆေးကြည့်ရှုကြတယ်။ မျက်နှာကြက်ပြုကျမှာစိုးလို့ တိုင်မကြီးတွေ ထပ်တိုးထောက်ပေးဖို့ ဗိသုကာဆရာကြီးကို ခိုင်းစေခဲ့တယ်။ အင်္ဂလန်နိုင်ငံရဲ့ အကျော်အကြားဆုံး ဗိသုကာကြီးတစ်ဦးအနေနဲ့ မျက်နှာကြက်ကို တိုင်ထပ်ထောက်ပေးနေစရာမလို၊ အပိုအလုပ်လို့ သိနေတာကြောင့် ခိုင်မြဲနေတဲ့ တည်ဆောက်ပြီး တိုင်မကြီး တစ်တိုင်ကိုပင် ဆွဲထုတ်ပစ်လိုက်ပါတယ်။ နောက်ပြီး လူကြီးတွေအကြိုက် တိုင်မကြီး ၄-လုံးကို

ဆပ်မံစိုက်ထူ ပေးလိုက်ပါတယ်။

ဒါပေမယ့် မျက်နှာကြက်ကို ဘာမှအထောက်အကူမပြုတဲ့ ဟန်ပြတိုင်မကြီးတွေသာဖြစ်တယ်။ မျက်နှာကြက်ကို ထိအောင် စိုက်ထူပေးမထားဘူး။ ယခုအခါ အဲဒီဟန်ပြ တိုင်မကြီး ၄-လုံးဟာ ကမ္ဘာလှည့်ခရီးသည်တွေအတွက် များစွာပြုံးရယ်ဖွယ် ဖြစ်နေပါတော့တယ်။

❑

## ခွေးကလေး သက်သေ

ရှူးဖိနပ်ပြုပြင်တဲ့ဆိုင်မှာ ကျွန်တော့်မိန်းရဲ့ ရှူးဖိနပ်ပြုပြင်ပေးဖို့ အပ်နှံထားပါတယ်။ ဆိုင်က ပေးလိုက်တဲ့ လက်ခံပြေစာစာရွက်ပျောက်သွားတယ်။ ရက်ချိန်းစေ့တော့ ပြင်ထားတဲ့ ရှူးဖိနပ်ကိုသွားယူတယ်။ ပိုင်ရှင်ဖြစ်ကြောင်း အဲထောက်အထားမရှိရင် မပေးနိုင်ပါဘူးလို့ ငြင်းဆန်တယ်။ စည်းကမ်းနဲ့အညီဆိုတော့ ပြန်ပြောဖို့ ခက်နေတယ်။

ရုတ်တရက်အကြံရလာတယ်၊ ကားထဲမှာစောင့်ကျန်ရစ်ခဲ့တဲ့ ကျွန်တော်တို့ မွေးထားတဲ့ ခွေးကလေးကို သွားခေါ်ယူပွေ့ချီလာတယ်။ ခွေးကလေးကို ဖိနပ်တွေထားတဲ့ စင်နားချထားပေးလိုက်တယ်။ အိမ်မှာ သူ့ကိုခိုင်းနေကျအတိုင်း "ရှူးဖိနပ်ယူခဲ့"လို့ အမိန့်ပေးခိုင်းစေလိုက်တယ်။ ခွေးကလေးဟာ ဖိနပ်စင်က

[illegible]ပ်တွေကို လျှောက်နမ်းကြည့်ပြီး၊ သူ့သခင်မရဲ့ ရှူးဖိနပ်ကို [illegible]ကိုက်ချီလာတယ်။

အဲဒီအခါမှာ ဆိုင်ရှင်ဖြစ်သူဟာ ဆက်လက်ငြင်းဆန်မနေ [illegible]တော့ပါဘူး။ "သက်သေ ခိုင်လုံပါတယ်" လို့ အောင့်သက်သက်နဲ့ [illegible]ပြောဆိုပြီး၊ ရှူးဖိနပ်ကို စက္ကူနဲ့ပတ်ကာ ကျွန်တော့်ကို လှမ်းပေး [illegible]ကိုက်ပါတော့တယ်။



## လကမ္ဘာသို့

တစ်ချိန်က ဟန်ဂေရီနိုင်ငံဟာ ရှုရှရဲ့ လက်အောက်ခံနိုင်
တစ်ခုဖြစ်ခဲ့ပါတယ်။ ရုရှလူမျိုးတွေဟာ အာကာသထဲဂ
လူလွတ်တင်နိုင်တဲ့ အောင်မြင်မှုရပြီးစအချိန်၊ ဟန်ဂေရီနိုင်
ဘူဒါပက်မြို့ရဲ့ လမ်းတစ်နေရာမှာ သူငယ်ချင်းနှစ်ယောဂ
ဆုံတွေ့ကြတယ်။

ပထမလူ "မင်းကြားပြီးပြီလား၊ ရုရှတွေဟာ လကမ္ဘာဂ
သွားနိုင်တဲ့ယာဉ်တစ်မျိုးကို အောင်မြင်အော
တီထွင်နိုင်ပြီးပြီ"

ဒုတိယလူ "ဘာ... သူတို့အားလုံး လကမ္ဘာကို အကုန်သွ
ကြမှာလား"

ဝမ်းပန်းတသာနဲ့ အော်ဟစ်မေးမြန်း လိုက်ပါတယ်။

❑

# နဲ့သမားလက်

ဘင်နီဂွဒ်မင်ဟာ တီးဝိုင်းတစ်ခုမှာ ကလဲရီနက် (နဲ့)မှုတ်သူတစ်ယောက်ဖြစ်ပါတယ်။ နဲ့ကို အဆက်မပြတ်မှုတ်နေရတဲ့ သူ့ဘဝဟာ ပါးစပ်ရော၊ လက်ရော အငြိမ်မနေရပါဘူး။

သူအိမ်ထောင်မကျခင်ကပေါ့၊ ကျွန်တော်တို့ဟာ သူ့အတွက် ပါတီပွဲတစ်ခု ကျင်းပပြုလုပ်ပေးခဲ့ကြတယ်။ မိန်းမချောလေးတွေကိုလည်း သူနဲ့တွဲကဖို့ ဖိတ်ကြားပေးထားတယ်။ တီးဝိုင်းက လူငယ်တွေက သူကတာကို တစ်ခါမျှမမြင်ဘူးကြတော့ အရမ်းကြည့်ချင်နေကြတယ်။ သူလည်းဝင်ကရော ပြုံးစိစိဖြစ်ကုန်ကြရော။ တစ်ချို့ဆို အားရပါးရ ရယ်မောကုန်ကြတယ်။

လက်ချောင်းကလေးတွေ လှုပ်ရှားနေရတာ အကျင့်ပါနေတဲ့ နဲ့သမား ဘင်နီဂွဒ်မင်ဟာ သူနဲ့တွဲကနေတဲ့ မိန်းကလေးရဲ့

ကျောကုန်းပေါ်၊ သူ့ရဲ့ညာလက်ချောင်းကလေးများနဲ့ ထေားသွ
အလိုက် နဲ့မှုတ်သလို အထက်အောက် လှုပ်ရှားနေတာကို ထ
မြင်သွားခဲ့ကြရပါတယ်။ အကျင့်ပါနေတဲ့ နဲသမားလက် ဖြစ်
တယ်။

❑

## မင်း ငါးမျှားဖူးသလား

ညအချိန် အဝေးပြေးလမ်းမကြီးပေါ်မှာ လူငယ်တစ်ယောက်ဟာ သူ့ရဲ့ကုန်တင်ကားကြီးကို အရှိန်ပြင်းပြင်းနဲ့ မောင်းနှင်နေပါတယ်။ လမ်းတစ်နေရာအရောက်မှာ ရဲအရာရှိတစ်ယောက်ထွက်လာပြီး၊ လူငယ်ကို ကန့်သတ်မိုင်နှုန်းကျော်လွန်မောင်းနှင်မှုနဲ့ ဖမ်းဆီးအရေးယူလိုက်တယ်။

"သူများတွေလဲ ဒီလိုမောင်းနေကြတာ၊ ကျုပ်ကျမှ ဖမ်းရသလားဗျာ" လူငယ်က ရဲအရာရှိကို အထွန့်တက်လိုက်တယ်။

"မင်း... ငါးမျှားဘူးသလား" ရဲအရာရှိက ပြန်မေးတယ်။

"ဟုတ်ကဲ့... မျှားဘူးပါတယ်" လူငယ်ကဖြေတယ်။

"ဒီလိုဆို ရေကန်ထဲက ငါးတွေ အကုန်မိဘူးသလား" ရဲအရာရှိက ထပ်ဆင့်မေးခွန်း ထုတ်လိုက်ပါတော့တယ်။

❑

# မီးပွိုင့်မှာ

ကျွန်ုပ်မောင်းနှင်လာတဲ့ယာဉ်ကို အချက်ပြမီးပွိုင့်ရှေ့မှာ ခေတ္တရပ်နားနေတုန်း၊ အတူပါလာတဲ့ လေးနှစ်အရွယ် သမီးငယ်ကလေးကို မေးကြည့်လိုက်ပါတယ်။

"မီးပွိုင့်မှာ လင်းနေတဲ့ အချက်ပြ မီးရောင်တွေက ဘာကို ပြောနေတယ်ဆိုတာ သမီးကလေး သိလား"

"သိပါတယ် ဖေဖေ" သမီးဖြစ်သူက ပိုင်ပိုင်နိုင်နိုင် အဖြေပေးလိုက်တယ်။ နောက်ပြီး...

"အနီဆိုတာ ရပ်၊ အစိမ်းဆိုတာ သွား၊ အဝါဆိုတာ အလျင်အမြန် မောင်းလို့ ဆိုပါတယ် ဖေဖေ" လို့ ဆက်လက်ပြောပြခဲ့ပါတယ်။

**RD - 7/68**

❑

# တို့ဆန္ဒ

မြို့ပြမြေယာ သင်တန်းတစ်ခုမှာ ကိုယ်စားလှယ် သင်တန်းသားတွေ စကားလက်ဆုံ ကျနေကြတယ်။ သူတို့ရဲ့ လုပ်ငန်းအတွေ့အကြုံတွေ နှိုးနှောဖလှယ်ပြောပြနေကြတယ်။ အမျိုးသမီးတစ်ဦးက ပြောပြတယ်။ သူဟာ အပတ်စဉ် စနေ တနင်္ဂနွေ နားရက်ရောက်တိုင်း ပင်စင်စား အသက်ရွယ်ကြီး၊ ဇနီးမောင်နှံတို့တွေနဲ့ အလုပ်လုပ်နေခဲ့ရကြောင်း၊ သူတို့နဲ့ အဆင်ပြေသင့်တော်သည့် အိမ်ခန်းများဆီခေါ်သွားကာ စိတ်ရှည်ရှည်ထား ရှင်းလင်းပြောဆိုခဲ့ရတာ အာပေါက်မတတ်ဖြစ်ကြောင်း၊ ခြေတိုမတတ် လျှောက်ပတ်နေရကြောင်း နောက်ဆုံးမှာ "အခုဆို... ရှင်တို့နှစ်ယောက်စလုံး အငြိမ်းစားယူပြီးကြပြီ။ ဘယ်လို အိမ်ခြံမျိုးကို ဝယ်ယူနေထိုင်လိုတဲ့ ဆန္ဒရှိနေကြပါသလဲ" လို့ ဖွင့်မေးကြည့်တယ်။

"တို့ဆန္ဒကတော့ အိမ်တွေ လျှောက်ကြည့်နေရတာ" လို့ တုန့်ပြန်အဖြေရခဲ့ပါတယ်။

**RD - 2/95**

❑

## မင်းဘယ်မှာနေလဲ

မျက်စိလည်လမ်းမှားပြီး၊ ဘယ်သွားရမှန်းမသိ၊ ယောင်လည်လည်ဖြစ်နေသည့် ကလေးငယ်တစ်ယောက်ကို တာဝန်ရှိသူများက ထိန်းသိမ်းစောင့်ရှောက်ပေးထားကြရပြီး ကလေးငယ်ကို နေအိမ်ပြန်ပို့ပေးနိုင်ရန် လိပ်စာကို ကြိုးစားစစ်မေးနေကြတယ်။

တာဝန်ရှိသူ = မင်း ဘယ်လမ်းထဲမှာနေသလဲ။

ကလေးငယ် = လမ်းထဲမှာ မနေပါဘူး၊ အိမ်ထဲမှာ နေပါတယ်။

❑

## စန္ဒရားတီးရင်

သမီးငယ်လေးတစ်ယောက်အတွက် မိခင်ဖြစ်သူက စန္ဒရားတစ်လုံးဝယ်လာပေးသည်။ မသန့်ရှင်းသော လက်ဖြင့်တီးလျှင် စန္ဒရားပေကျံမည့်ကို စိုးရိမ်သောကြောင့် အမေဖြစ်သူက သမီးငယ်လေးကို ပြောပြနေသည်။

"စန္ဒရားမတီးခင် မင်းလက်တွေကို အလျင်ဆေးကြောရမယ်နော်"

"ပူမနေပါနဲ့ အမေရာ၊ သမီးက ခလုတ်အမည်းတွေကိုပဲ တီးချင်နေတာပါ" ဟု ပြန်ပြောလိုက်သည်။

❑

## ဘာဒေါက်တာဖြစ်ဖြစ်

သမားတော်ကြီးများတွင် ရင်ဆိုင်နေရသော ပြဿနာတစ်ရပ်ရှိသည်။ ယင်းမှာ လူများသည် သမားတော်ကြီးများထံမှ ဆေးကုသမှုဆိုင်ရာ အကြံပေးချက်ကို အချောင်ရယူနိုင်ရန် မကြာခဏ ကြိုးပမ်းနေတတ်ကြခြင်းပင် ဖြစ်ပါသည်။

ပါတီပွဲတစ်ခုဌ် လူတစ်ယောက်ကို ဒေါက်တာတစ်ယောက်နှင့် မိတ်ဆက်ပေးခံရသည်။ သူတို့နှစ်ယောက် အတန်ကြာအောင် စကားပြောဆိုနေကြသည်။ မိတ်ဆက်ပေးခံရသူက ပြုံးပြုံးကလေးဖြင့် ဒေါက်တာကို ပြောလိုက်ပါသည်။

"ဆီရာတော့ သိမှာပါ၊ အရေးကြီးချင်မှလည်း ကြီးမှာပါ။ ဒါပေမယ့် မကြာခဏဆိုသလို ကျွန်တော့် ဒိနားက စူးစူးပြီး အောင့်နေတယ်။ ဘာဖြစ်လို့ပါလိမ့်ဆိုပြီး စဉ်းစားရခက်နေတယ်"

"ကျွန်တော် နည်းနည်းကလေးတောင် နားမလည်ပါဘူး။ ကျွန်ဆော်က ဆေးပညာ ဒေါက်တာဘွဲ့ မဟုတ်ပါဘူး။ စီးပွားရေး ဒေါက်တာဘွဲ့ပါ"

"အို... ကောင်းတာပေါ့၊ ဈေးကွက်ထဲမှာ ဘယ်ပစ္စည်း အခြေအနေကောင်းတယ်လို့ ထင်ပါသလဲ" ဟု ထပ်မံမေးလိုက်ပါသည်။

❑

## ကလေးအမြင်

ကုန်တိုက်ကြီးတစ်ခုဌ ကျွန်တော့်အဒေါ်နှင့် သူ့သားဖြစ် သူတို့သည် ဒိန်ခဲများ ခင်းကျင်းပြသထားသည့် စင်ဆီလျှောက် သွားကြသည်။ ကျွန်တော့်အဒေါ်ဖြစ်သူသည် ဒိန်ခဲထုပ်များကို တစ်ခုပြီးတစ်ခု ကောက်ကိုင်ပြီး ကြည့်သည်။ ဈေးနှုန်းများကို ကြည့်သည်။ နောက်ပြီး သူ့နေရာသူ ပြန်ထားလိုက်သည်။

အဒေါ်ဖြစ်သူ ထိုကဲ့သို့ ပြုလုပ်နေသည်ကို တစ်မိနစ်ခန့် ကြာအောင် ကြည့်နေရသည့် ကျွန်တော့်ညီတစ်ဝမ်းကွဲဖြစ်သူက "မေမေရဲ့ နာမည်ပါတဲ့ အထုပ်ကို ရှာနေတာလား ဟင်" ဟူ၍ လှမ်းမေးလိုက်ပါသည်။

❑

# ကျိုးပျက်စရာဆိုလို့

မိခင်တစ်ဦးသည် ကောလိပ်တက်နေသော သားတော်မောင်ထံ သမ္မာကျမ်းစာတစ်အုပ်ကို ပို့ပေးလိုသည့်အတွက် စာတိုက်သို့ ရောက်လာသည်။ စာတိုက်စာရေးဖြစ်သူက ပေးပို့မယ့် ပါဆယ်ထုပ်ထဲ၌ ကျိုးပျက်စရာ ပါ၊ မပါ မေးခဲ့သည်။

"ကျိုးပျက်စရာဆိုလို့ ပညတ်တော်ဆယ်ပါးပဲ ပါတယ်" ဟု သူမက ပြန်လည် ဖြေကြားလိုက်သည်။

❑

## ဖတ်ခဲ့ရသည့်ကြော်ငြာ

လန်ဒန်မြို့ မြေအောက်မီးရထား ဘူတာရုံတစ်ခုဌ်
ကြော်ငြာတစ်ခုကို ဖတ်ခဲ့ရသည်။ "ထိပ်တန်း တရားဟောဆရာ
အားလုံး၏ ၇၅ ရာခိုင်နှုန်းသည် တိုင်းမ်သတင်းစာကို ယူသွား
ကြ၏" ဟူ၍ ကြော်ငြာကပ်ထားသည်။ ထိုစာဘား၏ အောက်တွင်
လက်ရေး ခပ်သော့သော့ဖြင့် "အခြားသော ၂၅ ရာခိုင်နှုန်းသည်
တိုင်းမ်သတင်းစာကို ဝယ်ကြ၏" ဟူ၍ ဖြည့်စွက် ရေးသား
ထားပါသည်။

❑

## ဘတ်စ်ကား မမီလိုက်သည့် ကျောင်းသူကလေး

လေးနှစ်သမီးအရွယ် မူလတန်းကျောင်းသူ ကလေးတစ်ယောက်သည် ကျောင်းရုံးခန်းသို့ ရောက်လာသည်။ သူစီးရမည့် အမှတ်(၆) ဘတ်စ်ကားကို မမီလိုက်သည့်အကြောင်း ရုံးတာဝန်ခံကို ပြောပြသည်။ ရုံးတာဝန်ခံဖြစ်သူသည် ဘတ်စ်ကားတာဝန်ကျ ဆရာတစ်ယောက်နှင့်အတူ လိုက်လံ စစ်ဆေးကြည့်ရာ ကလေးမလေးသည် သူစီးရမည့်အမှတ်(၆) ဘတ်စ်ကားနှင့် အမှန်တကယ်လွဲသွားပြီဖြစ်ကြောင်း တွေ့လိုက်ရသည်။

ရုံးအဖွဲ့မှူးက "စိတ်မပူပါနဲ့.... မင်းအမေကို တို့ခေါ်ပေးပါမယ်" ဟု ကလေးငယ်ကလေးကို နှစ်သိမ့်လိုက်၏။

ကလေးငယ်လေးက "ခေါ်မနေပါနဲ့... ခေါ်လို့ရမှာမဟုတ်ဘူး။ မေမေက အမှတ်(၆)ဘတ်စ်ကားကို မောင်းနေတာပါ" ဟု အော်အော်ဆောဆော အဖြေပေးလိုက်သည်။

❑

## အမေးနဲ့အဖြေ

ကျွန်ုပ်ဝတ်ပြုနေကျ ဘုရားကျောင်းမှ စုံစမ်းမေးမြန်းလာ
ပုံစံတစ်ရွက်ကို စာတိုက်မှ ချောစာဖြင့် ပို့ပေးလိုက်သည်။
ပုံစံထဲ၌ (က) ဘုရားကျောင်းနဲ့ ဘယ်လောက်အကွာအဝေးမှာ
သင်နေထိုင်ပါသလဲ၊ (ခ) သင် ဘုရားကျောင်းကို ရောက်အောင်
အချိန်ဘယ်လောက် ကြာကြာလာရသလဲဟူသော မေးခွန်းနှစ်ခု
ပါ၏။

ကျွန်ုပ်ပြန်ကြားပေးလိုက်သည့် အဖြေများမှာ (က) ၄
လမ်း၊ (ခ) ခုလခန့်ဟူ၍ ဖြစ်ပါသည်။

❑

## ကျောင်းပြေးတဲ့ မိန်းကလေးတွေ

ရာသီဥတု သာယာကောင်းမွန်တဲ့ နေ့တစ်နေ့မှာ–

အထက်တန်းကျောင်းသူကလေး လေးဦးဟာ အလည်လွန် အပျော်ကြူးကြရင်း နံနက်ပိုင်းကျောင်းတက်ချိန် မမီတော့ဘူး။ နေ့လယ်စာစားချိန် ကျောင်းဆင်းမှရောက်လာကြတယ်။ နေ့လယ်စာစားပြီးလို့ ကျောင်းပြန်အတက်မှာ "ကျွန်မတို့ ကားဘီးပေါက်သွားလို့ ကျောင်းနောက်ကျကြပါတယ်"လို့ ဆရာမကို ပြောပြတယ်။ ဆရာမက သူတို့ စိတ်ချမ်းသာကြပါစေဆိုပြီး ဘာမျှပြန်မပြောဘူး၊ ပြုံးရယ်နေလိုက်တယ်။

"မိန်းကလေးတွေ ဒီကနေ့မနက် အစမ်းစာမေးပွဲကို မင်းတို့ လာရောက်မဖြေဆိုကြဘူး၊ ကျေးဇူးပြုပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ခပ်လှမ်းလှမ်းမှာ နေရာခွဲပြီး ထိုင်နေကြပါ၊ စာအုပ်တွေထုတ်ထားကြပါ"လို့ ဆရာမကပြောလိုက်တယ်။

မိန်းကလေးတွေ နေရာယူပြီးကြပြီ။ ဆရာမ ဘာဆက်ပြောမ
ဆိုတာကို စောင့်မျှော်နေကြတယ်။ "မင်းတို့ရဲ့ စာအုပ်ထဲမှ
အဖြေကို ရေးပေးကြပါ၊ မေးခွန်းကတော့ ကားရဲ့ဘယ်ဘ
ပေါက်သွားလဲ"လို့ ဆရာမက ဆက်ပြောလိုက်တယ်။

❑

## ဆီးနှင်းထားစရာ

ဆီးနှင်းမုန်တိုင်း ဆိုးဆိုးရွားရွား ကျပြီးတဲ့နောက်မှာ ကျွန်တော့်ရဲ့ အိမ်နီးနားချင်းတစ်ယောက်ဟာ သူ့ကားမောင်းထွက်ရာလမ်းပေါ်မှာ ဖုံးနေတဲ့ ဆီးနှင်းတွေကို ဖယ်ရှားပေးဖို့ အလုပ်သမားတစ်ယောက် ငှားလိုက်တယ်။ အလုပ်သမားကို အသိပေးထားတယ်။ "အမြဲတမ်း စိမ်းစိုနေတဲ့ မြင်ကွင်းလေးကြိုက်စီးသွားမှာစိုးလို့ မြက်ခင်းပေါ်မှာ ဆီးနှင်းတွေ မပုံရဘူး၊ နောက်ပြီးတော့ ကျန်တဲ့ကားလမ်းဘေးအခြမ်းကိုလည်း ပုံခွင့်မပေးဘူး၊ ခြံစည်းရိုးကို ထိခိုက်မှာစိုးတယ်" ဆိုပြီး မှာကြားခဲ့တယ်။ "ခြံအပြင် လမ်းပေါ်ရောက်အောင်ဆို ပင်ပန်းမှာပေါ့၊ ဘယ်နေရာကို သွားပုံရမှာလဲ" လို့ အလုပ်သမားက ပြန်မေးတယ်။ "ဒါကတော့ မင်းကိစ္စ၊ မင်းကြည့်ရှင်းပါ" လို့ ပြောကာ ရုံးကိုထွက်ခွာသွားပါတော့တယ်။

အလုပ်သမားကလည်း အလုပ်ရှင်ရဲ့ စကား ဟာကွက်
အပေါ် အံ့အားသင့်အောင် လုပ်ပြသွားတယ်။ ကျွန်တော့်ရဲ့
သူငယ်ချင်းဟာ ရုံးဆင်းလို့ အိမ်အဝင်မှာ ဆီးနှင်းတွေရှင်းနေတဲ့
လမ်းကလေးအတိုင်း မောင်းဝင်လာနိုင်ခဲ့တယ်။ ကားထားမယ်
ဆိုပြီး ကားဂိဒေါင်ကိုလည်း ဖွင့်လိုက်ရော ဟိုက်ခနဲဖြစ်သွား
တယ်။ ဂိုဒေါင်ထဲမှာ ဆီးနှင်းတွေ စုပုံထည့်ထားတယ်။

❑

## သတင်းထူးတွေ

မြို့တော်ခန်းမရဲ့ အပြင်ဘက်တစ်နေရာမှာ လူငယ်လေး တစ်ယောက်ဟာ သတင်းစာ အော်ဟစ်ရောင်းနေတယ်။

"သတင်းထူးတွေ၊ သတင်းထူးတွေ၊ ဖတ်ကြည့်ကြပါအုံး၊ လူနှစ်ယောက် အလိမ်ခံသွားရပြီ"

လူတစ်ယောက်က သတင်းစာရောင်းတဲ့ ကောင်လေးဆီ ကျောက်လာပြီး သတင်းစာတစ်စောင် ဝယ်ယူလိုက်တယ်။ ထိုင်ချလိုက်ပြီး သူ့တင်းစာကို အတန်ကြာအောင်ဖတ်နေတယ်။ ပြီးတော့ "ဟေ့... ကောင်လေး၊ မင်းအော်တဲ့ လူနှစ်ယောက် အလိမ်ခံရတဲ့သတင်း မပါပါလားကွ" လို့ မကျေမနပ်နဲ့ လှမ်းအော်မေးလိုက်တယ်။

သတင်းစာရောင်းတဲ့ ကောင်လေးက–

"သတင်းထူးတွေ၊ သတင်းတူးတွေ၊ ဖတ်ကြည့်ကြပါအုံး၊ လူသုံးယောက် အလိမ်ခံသွားရပြီ" လို့ ဆက်လက် အော်ဟစ်ရောင်းချနေပါတော့တယ်။

❑

## သတိမေ့ရောဂါကုချင်သူများ

လူတစ်ယောက်ဟာ သူသတိမေ့နေတာတ်ပြီဆိုတာ ဇနီးသည်ကို ပြောပြထားတယ်။ အဲဒီနောက်မှာ သူဟာ သတိမေ့တဲ့ရောဂါ ကုသမေးနေတဲ့ ဆရာဝန်တစ်ယောက်အကြောင်း ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရတယ်။

ဇနီးသည်သိသွားတော့ "ငါလည်း မင်းလိုပဲ၊ တို့နှစ်ယောက် အတူတူဆရာဝန်ဆီ သွားရအောင်" လို့ ပြောလိုက်ပြန်တယ်။

ရက်သတ္တပတ် အတော်ကြာပြီးတဲ့အခါမှာ အဲဒီလူက သူ့ သူငယ်ချင်းတစ်ယောက်ကို ဆရာဝန်ရဲ့ ကုသပုံအစီအစဉ်နဲ့ အတော်ကောင်းတဲ့အကြောင်း ပြောပြတယ်။

"ငါလဲ အဲဒီဆရာဝန်နဲ့ တွေ့ချင်တယ်ကွာ၊ ဆရာဝန် နာမည်ဘယ်လို ခေါ်တုံး" သူငယ်ချင်းက ပြန်မေးတယ်။

"ငါ့ကို ဒါလေးကူညီပါအုံး၊ ပန်းတစ်ပွင့်ရဲ့ နာမည်လေးကွာ၊ ခဏတန့်ရှည့်ရှည်နဲ့၊ ဆူးတွေလည်း ရှိတယ်လေ"

"နှင်းဆီလေ" သူငယ်ချင်းဖြစ်သူက ထောက်ပေးတယ်။

"အေး... အဲဒီဝန်းကိုပြောတာ၊ ဟေ့... မနှင်းဆီရေ၊ တို့သွားပြတဲ့ ဆရာဝန်နာမည် ဘယ်လိုခေါ်တုံး" ဆိုပြီး ဇနီးဖြစ်သူကို လှမ်းမေးလိုက်ပါတယ်။

□

## ထူးခြားတာကတော့

မွေးနေ့ပါတီပွဲကို လာခဲ့ဖို့ ကျွန်မအဒေါ်ဖြစ်သူက ဖိတ်
ထား‌တယ်။ စိတ်ကူးရတာနဲ့ မွေးနေ့ပါတီပွဲ မသွား‌ခင်ဆံပင်ပုံ
သစ် ညှပ်လိုက်တယ်။

ပါတီပွဲရောက်တဲ့အခါမှာ မောင်တစ်ဝမ်းကွဲတစ်ယောက်က
တွေ့တော့ "ငါ့ကိုကြည့်စမ်းပါအုံး၊ ဘာတွေများ ထူးခြား‌နေသလဲ"
ဆိုပြီး အားပါးတရ မေးကြည့်တယ်။ လက်ချောင်းလေးတွေ
လည်း ဆံပင်ကို ဖြီးပြလိုက်တယ်။ အတန်ကြာအောင် သူက
ကြည့်နေတယ်။ နောက်ပြီး ရယ်ရယ်မောမောနဲ့ "ဟော မင်း
အင်္ကျီလက်မောင်းအောက်မှာ အပေါက်တစ်ပေါက်ရှိနေတယ်" လို့
ပြန်ဖြေလိုက်ပါတယ်။

❑

## ကားတိုက်ခံရတာ

အမေက အလုပ်သွားနေတယ်။ နှမငယ်လေးနဲ့ ကျွန်တော်ဟာ ကားရုပ်ကလေးတွေနဲ့ ဆော့နေကြတယ်။ ကားလှုပ်ရှားနှုန်းဖြစ်ကြတယ်။ ကျွန်တော်က ဒေါသဖြစ်ပြီး သတ္တုကားရုပ်ကလေးနဲ့ နှမလေးကို ပစ်ပေါက်လိုက်တယ်။ ခေါင်းကို မှန်သွားတယ်။

အလုပ်ကပြန်လာတဲ့ အမေဟာ ခေါင်းမှာ ပတ်တီးကြီးစီးထားတဲ့ နှမကလေးကိုမြင်တော့ စိတ်ပူသွားပြီး ဘာဖြစ်တာလဲလို့ အဖေ့ကို လှမ်းမေးလိုက်တယ်။ အဖေရဲ့ အဖြေစကားကြားရတဲ့အခါမှာ့ အမေဟာ စိတ်ပိုဒို့ ပူသွားပြီး ကျွန်တော်တို့မှာတော့ ရယ်သွားရတယ်။ "သူ့ကို ကားတစ်စီးဝင်ဆောင့်သွားတာ" လို့ အဖေက အဖြေပေးခဲ့ပါတယ်။

❑

# အသက်ရှည်ရခြင်းအကြောင်း

ကျွန်တော်က ဆရာဝန်တစ်ယောက် ဖြစ်ပါတယ်။ တစ်နေ့
မှာ ဆေးရုံစက်ပေါ် လမ်းလျှောက်နေရင်း ခွဲစိတ်ခန်းအပြင်ကနေ
စောင့်နေတဲ့ တွန်းလှည်းပေါ်က လူနာအဘိုးကြီးတစ်ယောက်ကို
တွေ့လိုက်ရပါတယ်။

ကျွန်တော် ကိုင်တွယ်ရတဲ့ လူနာမဟုတ်ပေမယ့် အဘိုးကြီး
ရဲ့ အနေအထိုင် ထူးထူးခြားခြား သပ်ရပ်ကောင်းမွန်နေတာကို
စိတ်ဝင်စားလာတယ်။ အဘိုးကြီးရဲ့ ဆေးမှတ်တမ်းကတ်ပြားကို
ဆွဲယူကြည့်မိလိုက်တယ်။ အသက် (၉၀)ရှိနေတာ တွေ့ရတာ
ကြောင့် ပိုလို့ အံ့အားသင့်သွားမိပါတယ်။

"ဒီလောက် အသက်ရှည်အောင် ဘယ်လိုနေထိုင်ခဲ့ပါ
သလဲ" လို့ စပ်စုကြည့်တယ်။ အဘိုးအိုကြီးက ရိုးရိုးကလေးပဲ
အဖြေပေးလိုက်တယ်။

"အသက်ကိုသာ ဆက်ပြီးရှူနေပါ"

❑

## စာပွဲထိုးကျော်

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့ အနီးရှိ ပစ်တာဟူရို စားသောက်ဆိုင်ကို ညစာ လာရောက်စားသုံးကြသူများ အကြိုက်တွေ့နေကြပါသည်။ ထိုဆိုင်မှ စားပွဲထိုးတစ်ယောက်၏ မယုံနိုင်လောက်အောင် မှတ်ဉာဏ် ကောင်းမှုကြောင့် ဖြစ်သည်။ သူသည် ဘယ်တော့မျှ စာရွက်နှင့် ရေးမှတ်လေ့မရှိ။ သို့သော် တစ်ခုမျှအမှားအယွင်းမရှိချေ။ တစ်ချိန်တည်းတွင် လူ(၁၅)ယောက် ပြိုကျလာလည်း တစ်ဦးချင်းမှာထားသည့် အတိုင်း အကုန်အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်သည်။

"ခင်ဗျား ဘယ်လိုများ အကုန်လုံး မှတ်မိအောင် မှတ်သားထားသလဲ"

ဟု သဘောကျလွန်း၍ မေးကြသည်။ သူက ဘာမျှပြန် မပြောချေ။

လာရောက် စားသောက်ကြသူများ မခြင်ကြသည်မှာ သူ၏ အိတ်ကပ်ထဲ၌ ထည့်ထားသော အသံဖမ်းစက် အသေးကလေးပင်ဖြစ်သည်။ အသံဖမ်းယူသည့် မိုက်ကရိုဖုန်းသေးသေးကလေးကို ရင်ဘတ်တွင် ချိတ်ထားသည်။ စားဖိုဆောင် ရောက်သည့်အခါ တိပ်ခွေကို ပြန်ရစ်ပြီးဖွင့်၊ စားဖိုမှူးကို မှာကြားပေးလိုက်သည်။

သို့ဖြစ်ရာ လုံးဝ အမှားအယွင်းမရှိတော့ချေ။ ထိုအခါ သူ့ကိုလည်း ရက်ရက်ရောရော 'အပိုဆုငွေ' ကောင်းကောင်း ပေးသွားကြလေသည်။

❑

## လျှပ်စစ်ဥာဏ်ကြီးရှင်စက်

လျှပ်စစ်ဥာဏ်ကြီးရှင်စက် တီထွင်ထုတ်လုပ်ထားသူတစ်ဦးသည် အယုံအကြည် မရှိသည့် သူငယ်ချင်း စာစ်ယောက်ဆီကို သွားပြီး ကြွားဝါနေသည်။

"မင်းကြိုက်တဲ့မေးခွန်း မေးနိုင်တယ်၊ ငါတီထွင်ထားတဲ့စက်က ဘာမဆို အဖြေပေးနိုင်တယ်"

ဟု ပြောပြနေသည်။

"ကျွန်တော့်ရဲ့ အဖေ ဘယ်မှာရှိနေသလဲ"

ဟု သူငယ်ချင်းဖြစ်သူက မေးရာ–

"မင်းအဖေ ငါးမျှားနေတယ်"

ဟု အဖြေထွက်ပေါ်လာသည်။

သူငယ်ချင်းဖြစ်သူက ထိုအဖြေ မှားနေဖြစ်ဆိုသည်ကိုသိ၍ ကောင်းကောင်းကြီး ငြင်းလိုက်သည်။

"ကျွန်တော့်ရဲ့အဖေ ရောဘတ်ဟာ သူ့ရုံးမှာ ရှိနေပါတယ်
အခုနလေးတင် တယ်လီဖုန်းနဲ့ စကားပြောပြီးပြီ"

ဉာဏ်ကြီးရှင်စက်က ပြန်လှန်ချေပသည်။

"ရောဘတ်ဟာ သူ့ရုံးမှာရှိတယ်၊ မင်းအဖေ ငါးမျှားနေ
တယ်"

❑

## ထုတ်လုပ်သူ

ရှေ့နေတစ်ယောက်က သက်သေ အမျိုးသမီးတစ်ဦးကို ပြန်လှန်မေးခွန်းများ ထုတ်နေသည်။ အမျိုးသမီး၏ နာမည်ကို သိရှိရပြီးသည့်နောက် ဆက်လက်ပြီး-

"အလုပ်အကိုင်"

"အိမ်ရှင်မ"

"ခင်ဗျားယောကျ်ားက ဘာလုပ်လဲ"

"ထုတ်လုပ်သူ"

"ကလေးတွေ"

ရှေ့နေက နောက်မေးခွန်း ဆက်မေးလိုက်ခြင်း ဖြစ်သည်။

"မဟုတ်ပါဘူး၊ အမျိုးသမီး လက်ပွေ့အိတ်တွေပါ"

သက်သေအမျိုးသမီးက ပြန်ဖြေလိုက်သည်။

❑

## ကလေးထိန်းစည်းကမ်း

မနက် ၁၀ နာရီအချိန်တွင် နေ့ကလေးထိန်းကျောင်းမှ ဆရာမဖြစ်သူက သူ၏ကလေးများကို နို့တိုက်သည်။ စားပွဲမှာ ဘယ်လိုထိုင်၊ ဘယ်လိုသောက်ဆိုသည်များကို ဆရာမက ပြောပြထားပြီးဖြစ်သည်။

'ဘက်တီ... အိမ်မှာ နို့တွေ ဖိတ်စင်ကျအောင်လုပ်ရင် မင်းအမေက ဘာလုပ်လဲ"

ဟု ဆရာမက မေးလိုက်သည်။

ကလေးမလေးက စားပွဲခင်းကို ငုံ့ကြည့်ပြီး-

"တစ်ခုတော့ ပြောချင်ပါတယ်၊ အမေဟာ ခုလို ရပ်ကြည့်မနေဘူး၊ ပေနေတာတွေကို သုတ်ပစ်ပါတယ်"ဟု အဖြေပေးလိုက်ပါသည်။

❑

## အသံကြားတာနဲ့ သိတယ်

သတင်းစာတိုက် ပိုင်ရှင်စာစီယောက်သည် သူ၏ လက်စွဲဆော်တပည့်ကို အတော်ဆုံး ကားစက်ပြင်တစ်ယောက်ဖြစ်ကြောင်း ရဲရဲကြီး အာမခံသည်ဟု ပြောပြနေသည်။

တစ်ခါတွင် သူသည် တောရွာကလေးတစ်ရွာကို ဖြတ်သန်းပြီး ကားမောင်းနေစဉ် စက်ချို့ယွင်းပြီး ဆက်မောင်းမရတော့ချေ။ ဒေသခံ စက်ပြင်ဆရာများလည်း အပြစ်ရှာမတွေ့ကြ။ သို့ဖြစ်၍ သတင်းစာတိုက် ပိုင်ရှင်သည် သူ့လက်စွဲတော်တပည့်ဆီ ဖုန်းလှန်းဆက်ပြီး အကြံဉာဏ်တောင်းလိုက်သည်။ သူ့လက်စွဲတော်က ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့ပါခင်ဗျ၊ အင်ဂျင်စက်ကို နှိုးလိုက်ပါ၊ ပြီးရင် တယ်လီဖုန်း စကားပြောခွက်ကို အင်ဂျင်နား ချထားပေးပါ"

သူသည် တယ်လီဖုန်းထဲမှနေ၍ အင်ဂျင်စက်သံကို အတန်

ကြာအောင် နားထောင်ပြီး ဒေသခံစက်ပြင်ဆရာနှင့် စကားပြော ပါရစေဆိုကာ ဒေသခံစက်ပြင်ဆရာကို ပြင်ပေးရမည်များကို ညွှန်ကြားလိုက်သည်။

ဆယ်မိနစ် တွင်းမှာပင် သတင်းစာတိုက်ဝိုင်ရှင်၏ ကား ဆလင်ဒါများအားလုံး မီးကူးမှန်ပြီး ပြန်မောင်းလာနိုင်ခဲ့ပါ တော့သည်။

❑

## အိမ်စာ - ၁

ကျွန်တော့်အစ်ကိုဖြစ်သူသည် သူ၏ဇနီး၊ သမီးနှစ်ယောက်တို့နှင့်အတူ ရပ်ကွက်ထဲမှ ကျောင်းသစ်ဖွင့်ပွဲကို မကြာသေးမီက တက်ရောက်ခဲ့ကြပါသည်။ သမီးကြီးက ကိုးနှစ်ရှိပြီး သမီးငယ်က ငါးနှစ်သာ ရှိသေးသည်။

အခြားကျောင်းသားမိဘများနှင့်အတူ စာသင်ခန်းများကို လှည့်လည်ကြည့်ရှုကြရာ **ငါးနှစ်သမီး**ကလေးက သူတို့နောက် လျှောက်လိုက်နေရပါသည်။ **သမီးအကြီး**ဖြစ်သူ၏ စာသင်ခန်းကို ရောက်လာကြသည်။ မိဘများက ကလေးများ၏ စားပွဲပေါ်တွင် ဖိုင်တွဲများနှင့် သပ်သပ်ရပ်ရပ် တင်ပြထားသည့် အိမ်စာ လေ့ကျင့်ခန်းစာအုပ်များကို ကြည့်ရှုနေကြပါသည်။ အိမ်စာလေ့ကျင့်ခန်းများကို အမှားအမှန် စစ်ဆေးပြုပြင်ပေးထားပြီး အမှတ်များလည်း ရေးပေးထားသည်။

လူကြီးများက ကြည့်ရှုစစ်ဆေးပြီး သွားနေကြရာ အခန်း
ဆုံးခါနီးရောက်နေပြီ။ အစ်ကို၏ ငါးနှစ်သမီးကလေးက သူ့အစ်မ
စားပွဲနားတွင် ငေးပြီး ကျန်ရစ်ခဲ့သည်။ ထို့နောက် သူ့အစ်မ၏
အိမ်စာလေ့ကျင့်ခန်း စာအုပ်ကိုကြည့်ပြီး ကျယ်ကျယ်လောင်လောင်
ဖိုဖိုသသဖြင့်-

"ဖေဖေကြီးရေ... ဒီမှာ ဖေဖေရေးထားတာလေ" ဟု
လှမ်းအော်လိုက်တော့သည်။

❑

## အိမ်စာ - ၂

တစ်ညနေမှာ ဆယ်ကျော်သက်ရွယ် ကျောင်းသားတစ်ယောက်၏ ဖခင်ဖြစ်သူက ကျွန်တော့်ဆီကို စိုးရိမ်ပူပန်စွာ ဖုန်းဆက်လိုက်ပါသည်။

"သူ အိမ်မှာမရှိဘူး၊ သွားတတ်တဲ့ တခြားနေရာတွေကို ဆက်သွယ်ကြည့်ပါဦး"

ဟု ကျွန်တော်က အကြံပေးလိုက်ပါသည်။

"ကောင်းပါပြီ... သူ့ကို ဆရာတွေ့ရင် အိမ်စာတန်းတန်းမတ်မတ် ပြန်လွှတ်လိုက်စမ်းပါဗျာ၊ သူ့အိမ်စာတွေ လုပ်မပေးနေရတာ မသိတာရှိလို့ မေးကြည့်ချင်လို့ပါ"

ဟု ပြန်ပြောပါသည်။

❑

## စည်းမဲ့ရပ်ထားတဲ့ကား

တစ်မနက်ခင်း ၉ နာရီခွဲအချိန်တွင် ရဲသားတစ်ယောက်သည် စည်းကမ်းမဲ့ ရပ်ထားသည့် မော်တော်ယာဉ်များကို လိုက်လံစစ်ဆေးနေပါသည်။ လမ်းကြောင်းပေါ်၌ စည်းမဲ့ရပ်ထားသော ကားတစ်စီးကို တွေ့လိုက်ရသည်။ ထိုကား၏ လေကာမှန်ရှေ့သုတ်တံတွင် စာရွက်တစ်ရွက် ညှပ်ထားသည်။

"ကားရပ်ထားခဲ့တယ်၊ တွန်းပေးကြပါ"

ဟု ရေးသားဖော်ပြထားသည်။ ၁၁ နာရီအချိန်၌ ထိုကားကို လမ်းအတော်ခြားသည့် တစ်နေရာတွင် တွေ့လိုက်ရပြန်သည်။

"တွန်းပေးရုံနှင့် မရသေးပါ၊ စက်ပြင်ဆိုင် ပို့ပေးပါဦး"

ဟု စာရေးထားပြန်သည်။ ၁၂ နာရီခွဲအချိန် ရောက်သည့် အခါတွင်မူ ကား၏ လေကာမှန်၌ စာလုံးကြီးကြီးဖြင့်-

"ဤကားရောင်းမည်၊ ဈေးချိုသည်"

ဟု ရေးထားသည်ကို တွေ့ရလေသည်။

❑

## ဈေးဝယ်တော်သူ

အသားရောင်းတဲ့ဆိုင်မှာ ဈေးဝယ်စေ့စပ်တဲ့ အမျိုးသမီးကြီး တစ်ယောကိုကို တွေ့ခဲ့ရတယ်။ ဈေးသည်ဟာ ဝယ်ယူထားတဲ့ သိုးသားကို လိုဖြတ်ပြီး ချိန်ခွင်ထဲမထည့်မီ အော်ခင်းအဖြစ် စက္ကူပါးပါးတစ်ရွက်ကို အလျင်ခင်းလိုက်တယ်။ နောက်ပြီးမှ သိုးသားကို ထည့်ချိန်တွယ်ပေးတယ်။

"ဒီလိုစက္ကူမျိုး တစ်ထုပ်မှာ ဘယ်နှရွက်ပါတုံး" အမျိုးသမီးကြီးက မေးကြည့်လိုက်တယ်။

"ရွက်ရေ ၂၀၀ ပါ ပါတယ်၊ အစ်မကြီး" ဘာများလုပ်မလို့ပါလိမ့်ဆိုတဲ့ အတွေးနဲ့ ဈေးသည်က ပြန်ဖြေလိုက်တယ်။

"တစ်ထုပ်ကို အလေးချိန် ဘယ်လောက်ရှိလဲ"

"ရှစ်အောင်စလောက် ရှိပါတယ်"

"ဒါဆိုရင် ဟုတ်ပြီ၊ ငါ ဒီဆိုင်မှာ ဈေးဝယ်လာတာ သုံးနှစ်နီးပါးရှိပြီ၊ နေ့တိုင်းနေ့တိုင်း စက္ကူထုစ်ရွက်တစ်ရွက် ပါ ပါလာတယ်" အမျိုးသမီးကြီးက ဈေးသည်ကို တစ်ချက်စိုက် ကြည့်လိုက်တယ်။ နောက်ပြီး ဆက်ပြောပြန်တယ်။

"အဲဒီတော့ ငါဒီကနေ့ဝယ်တဲ့ သိုးသားတစ်ပေါင်ဖိုးကို အပြည့်မယူနဲ့တော့၊ ပေါင်ဝက် (ရှစ်အောင်စ)ဖို့ပဲ ယူတော့"

အမျိုးသမီးကြီးရဲ့ ဆိုလျော်အောင်ကျိုးကြောင်းပြ ပြော ဆိုတာကို ကြားသိလိုက်ရတဲ့ အခါမှာ ဈေးသည်ဖြစ်သူက အံ့အားသင့်သွားတယ်။ နောက် ဝယ်ယူတဲ့ သိုးသားတစ်ပေါင်ဖိုး ကို ငွေမယူတော့ဘဲ အလကားပေးလိုက်ပါတယ်။

❑

## အရေးကြီးတဲ့ဟာ

ပါမောက္ခ 'မက်ဇ်အော့တို' ဟာ ဝစ္စကွန်ဆင်တက္ကသိုလ်ကနေပြီး အငြိမ်းစားရယူခဲ့ပြီးဖြစ်တယ်။ သူ့မှာ 'ကလဲရင့်စ်ဒယ်ရိုး' ဆိုတဲ့ သူငယ်ချင်းရင်း တစ်ယောက်ရှိတယ်။ ဒယ်ရိုးဟာ သေခါနီးမှာ သူငယ်ချင်းပါမောက္ခကြီးဆီ အရေးကြီးတာ ပြောစရာရှိတယ်ဆိုပြီး ကြေးနန်းပို့လိုက်တယ်။ ပါမောက္ခကြီးဟာ သူငယ်ချင်းဖြစ်သူ နေထိုင်ရာ ချီကာဂိုမြို့ အရောက်လာခဲ့ရတယ်။

သူငယ်ချင်းနှစ်ယောက် တွေ့ဆုံကြတဲ့အခါမှာ ထွေရာလေးပါး အကြောင်းစုံ ပြောဆိုနေကြတော့တယ်။ နောက်ဆုံးအချိန် ပြန်ခါနီးမှာ အရပ် ၅–ပေ၊ ၃–လက်မသာရှိတဲ့ ပါမောက္ခကြီးက–

"ဘာအရေးကြီး စကားပြောမှာလဲ" လို့ဆိုပြီး သူငယ်ချင်းဖြစ်သူ ဒယ်ရိုးကို မေးကြည့်တယ်။

"အေး... ငါမင်းကို ပြောချင်နေတာက ငါတွေ့ဖူးသ
လူတွေထဲမှာ မင်းဟာသတ္တိအရှိဆုံး ယောကျ်ားတစ်ယောက်ပ
မင်းထက် အရပ်ပိုရှည်တဲ့ အမျိုးသမီးတစ်ယောက်ကို မင်းဟ
လက်ထပ်ခဲ့တယ်" လို့ ဒယ်ရိုးက ပြောပြလိုက်ပါတယ်။

❑

# ပေါင်ချိန်စက်ကို မယုံပါ

ကိုယ်အလေးချိန် လျော့ကျအောင် လုပ်တာနဲ့ပတ်သက်ပြီး စာရေးဆရာ 'ဟယ်ရီဂိုးလ်ဒင်း'ရဲ့ အမြင်က တစ်မျိုးဖြစ်ပါတယ်။

ကျွန်တော့် ကိုယ်အလေးချိန်ပေါင် ဘယ်လောက်ပဲ ရှိတော့ တယ်ဆိုပြီး အားတက်သရောနဲ့ ပြောမနေကြပါနဲ့၊ ကျွန်တော်တော့ ပေါင်ချိန်စက်အပေါ် ဗေဒင်ဟောစာတမ်း ဖတ်ကြည့်လိုတဲ့ အခါသာ တက်ချိန်တယ်၊ ထွက်လာတဲ့ ကတ်ပြားပေါ်က ဗေဒင်ဟောစာတမ်းကိုပဲ ဖတ်ကြည့်တယ်၊ ပေါင်ချိန်ကို ဖတ်မကြည့်ဘူး။

ဗေဒင်ဟောထားတာတွေဟာ ဒက်ထိတစ်ခါမျှ မှန်မလာဘူး။ ဒီတော့ စက်ကချိန်တွယ်ပေးတဲ့ အလေးချိန်အပေါ်ကိုလည်း စိတ်ချယုံကြည်နိုင်စရာအကြောင်း မရှိပါဘူး" လို့ သူက ပြောပြတယ်။

❑

## စက်ဘီးတစ်စီးစာ

မော်တော်ယာဉ်ဒဏ်ကြေးဆောင်ရတဲ့ ဒေသတရားရုံးတစ်ခုမှာ မကျေမနပ်ဖြစ်နေတဲ့ လူတစ်ယောက်ကို ကောင်းကောင်းကြီး တွေ့ခဲ့ရတယ်။

ဒဏ်ငွေကြေးဆောင်အပြီးမှာ စာရေးက သူ့ထံကို ငွေလက်ခံဖြတ်ပိုင်းစာရွက် လှမ်းပေးလိုက်တယ်။

"ဒီစာရွက်က ဘာလုပ်ရမှာလဲ" အဲဒီလူက စိတ်ဆိုးမာန်ဆိုး ပြန်မေးလိုက်တယ်။

စာရေးဖြစ်သူက ပြုံးပြုံးရွှင်ရွှင်နဲ့-

"သိမ်းထားပေါ့၊ ၁၀-စောင်ပြည့်ရင် စက်ဘီး၊ တစ်စီးစာ ရပြီဆိုတာ သိရတာပေါ့"လို့ ပြန်ပြောလိုက်တယ်။

❑

# ဩော် ဖ-နာရီ

လူတစ်ယောက်ဟာ လေဆိပ်မှာ လေယာဉ်ခရီးစဉ်တွေကို လေ့လာကြည့်နေရင်းက ဧနီးဖြစ်သူကို လှမ်းပြောလိုက်တယ်။

"ဖ-နာရီကြာတာနဲ့ တို့မြို့ကို ရောက်မယ်ဆိုတာကို ငါတော့ သိပ်မကြိုက်လှဘူး၊ ဒေါရစ်ရေ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲကွာ၊ ဒီလို ဖ-နာရီကြာခရီးလေး သွားနိုင်အောင် ငါ့မှာတော့ ၁၀-နှစ်လောက်ကြာအောင် ငွေစုခဲ့ရတယ်" ဆိုပြီး ခင်ပွန်းသည်က ပြန်ပြောလိုက်တယ်။

❑

## ခွေးလိမ္မာကလေး

စာဆိုတော်တစ်ဦး ဦးစီးပြုလုပ်တဲ့ အလှူပွဲရန်ပုံငွေပြပွဲ တစ်ခုမှာ စကားပြောတတ်တဲ့ ခွေးလိမ္မာလေးတစ်ကောင်ကို စင်တင်ပြသ ဖျော်ဖြေပေးခဲ့ပါတယ်။ ခွေးကလေးဟာ ရယ်စရာ တွေ ပြောပြတယ်။ ကာတွန်းသီချင်းတွေ ဆိုပြတယ်။ အမှုအရာ အတုတွေ သရုပ်ဆောင်ပြတယ်။

ခွေးကလေးဖျော်ဖြေနေတုန်း တစ်ဝက်တစ်ပျက်မှာ အခြား ခွေးတစ်ကောင်က စင်ပေါ်တက်လာပြီး ဖျော်ဖြေမှုပေးနေတဲ့ ခွေးလိမ္မာကလေးရဲ့ လည်ကုပ်ကို ကိုက်ချီကာ စင်အောက်သို့ ဆွဲခေါ်သွားပါတယ်။ အံ့အားသင့်နေကြတဲ့ ပရိသတ်တွေကို ခွေးလိမ္မာကလေးက

"ဒါ ကျွန်တော့်အမေပါ၊ သူက ကျွန်တော့်ကို ဆရာဝန် တစ်ယောက်ဖြစ်စေချင်တာဗျ" လို့ ရှင်းပြသွားပါသေးတယ်။

❑

## အဖေမရှိတဲ့သား

လူငယ်ဂီတသမားတစ်ယောက်ဟာ ဂီတစာဆိုကြီး တစ်ဦးကို ပြောပြနေတယ်။

"ဆရာဆိုတာ မလိုတော့ဘူး။ ရိုးရာယဉ်ကျေးမှုဆိုတာတွေလဲ မလိုချင်တော့ဘူး။ ဆရာတွေ၊ ရိုးရာယဉ်ကျေးမှု ဆိုတာတွေက အနုပညာသမားတစ်ယောက်ရဲ့ ကိုယ်ပိုင်အရည်အသွေးကို ဖိနှိပ်ဖျက်ဆီးပစ်တတ်ကြတယ်"

ဂီတစာဆိုကြီးက–

"မင်းပြောတာ ဟုတ်ပါတယ် ဒါပေမဲ့ အဖေမရှိဘဲနဲ့ သားသမီးတွေ ဘယ်လိုလုပ်ထွက်ပေါ်လာမှာလဲ" လို့ ပြန်ပြောခဲ့ပါတယ်။

❑

## အာမခံကြေး

ဂေါက်သီးရိုက်အားကစားသမား တစ်ယောက်ဟာ သူ့ရဲ့ ဂေါက်ရိုက်တံတစ်ချောင်း ကျိုးသွားတာကြောင့် သူ့ရဲ့အာမခံ ကုမ္ပဏီကို လျော်ကြေး ထုတ်ပေးရန် တင်ပြတောင်းဆိုလိုက်တယ်။ ဒါဟာ အနှစ် ၂၀-ကြာ သုံးစွဲလာလို့ တဖြည်းဖြည်း ချင်း ပွန်းပဲ့လာရာမှ ကျိုးပဲ့ပျက်ဆီးသွားခြင်းဖြစ်ကြောင်း လျော်ကြေးပေးဖို့ ငြင်းပယ်လိုက်တယ်။

ဂေါက်သမားက တစ်မျိုးလှည့်ပြီး ပြောပြန်တယ်။

"ကျွန်တော် ဒီကုမ္ပဏီမှာ အနှစ် ၄၀-အသက် အာမခံ ပြုလုပ်ထားပါတယ်၊ ကျွန်တော့်ရဲ့ အသက်အာမခံပေါ်လစီ အတွက် လျော်ကြေးထုတ်ပေးရမယ့်အချိန်မှာ ဒီလိုမျိုး အကြောင်း ပြပြီး ငြင်းဆန်နေမယ်တော့ မထင်ပါဘူးနော်"

ကုမ္ပဏီဟာ ပြဿနာကို ပြေအေးအောင် ဆောင်ရွက် ပေးခဲ့ပါတယ်။

❑

## စက်ပြင်ခ

ယာဉ်မောင်းတစ်ယောက်သည် ကားပြင်ရန် မော်တော်ဆိုင် ပြင်အလုပ်ရုံကို ရောက်လာသည်။

"ကားစက်ခေါင်းအဖုံးတောင် ဖွင့်မကြည့်ရသေးဘူး။ အင်ဂျင်ကို မမြင်ရသေးဘဲနဲ့ ကုန်ကျစရိတ်ကို ဘယ်လိုလုပ်တွက်၊ တောင်းတာလဲ" ဟု ယာဉ်မောင်းက စက်ပြင်ကို မကျေမနပ် မေးကြည့်လိုက်သည်။

"ငါက အသံကြားတာနဲ့ သိနေတယ်။ ဒီအသံပျောက်သွားအောင် ပြင်ပေးရမယ်ဆိုရင် ဒီလောက်ကုန်မှာပဲ" ဟု စက်ပြင်က ပြန်ဖြေလိုက်သည်။

❑

## ကလေးရဲ့အမေး

တနင်္ဂနွေနေ့ရောက်တိုင်း ကလေးများကို ဘုရားကျောင်းရဲ့ ရှေ့တွင် စုဝေးစေပြီး ဆရာဖြစ်သူက ဓမ္မပုံပြင်များကို ဟောပြော နေလေ့ရှိသည်။ တစ်ရက်မှာတော့ ဆရာဖြစ်သူသည် ကလေးများ သဘောပေါက် နားလည်လွယ်စေရန် နမူနာပြဖို့အတွက် တယ်လီဖုန်း တစ်လုံးကို ယူဆောင်လာသည်။

"ဘုရားသခင်ဆီမှာ ဆုတောင်းနေတယ်ဆိုတာက တယ်လီဖုန်းနဲ့ ပြောရသလိုပဲ။ အသံနဲ့ လှမ်းပြောလို့တော့ရတယ်၊ ဟိုဘက်က လူကိုမမြင်ရဘူး။ တို့တစ်တွေ ဆုတောင်းဝတ်ပြုနေတာကို ဘုရားသခင်က ကောင်းကောင်းကြားပြီး နားထောင်နေတယ်။ ဒါပေမဲ့ ဘုရားသခင်ကိုတော့ မမြင်ရဘူး၊ ဟုတ်တယ်နော်" ဆရာဖြစ်သူက ရှင်းပြသည်။

နားထောင်နေကြသော ကလေးများက ခေါင်းညိတ်ပြီး "ဟုတ်ကဲ့ပါ' ဟု ပြန်ဖြေကြသည်။ ကလေးငယ်တစ်ယောက်ကမူ "ဒီလိုဆိုရင် ဘုရားသခင်ရဲ့ တယ်လီဖုန်းနံပါတ်က ဘယ်လောက်လဲ" ဟု မေးမြန်းလိုက်သည်။

❑

## အပြေးသမား လေကြားများ

အမြင်ကပ်စရာကောင်းလောက်အောင် စကားကြွားဝါကြ
သည့် အပြေးသမား သုံးယောက်တစ်နေရာမှာ ဆုံတွေ့ပြီး
စကားပြောနေကြသည်။

ပထမလူ – "ဒီနှစ်အတွင်းမှာ ငါဟာ, တော်တော်ဝေး
ဝေး မိုင် ၅၀၀ လောက်ပြေးပြီးပြီ"

ဒုတိယလူ – "တော်တော်များတာပဲ၊ ငါလည်း အတော်
များတယ်။ မိုင် ၁၀၀၀လောက် ပြေးပြီးပြီ"

တတိယလူ – (ပြုံးရယ်ပြီး) "မိုင်ဘယ်လောက်ပြေးပြီး
တယ်ဆိုတာ မပြောပါရစေနဲ့။ ငါ့ခြေထောက်
တွေ ရွဲ့စောင်း၊ ပွန်းကုန်လို့ မနေ့ကပဲ ဆေး
ခန်းပြခဲ့ရတယ်"

❑

# ဖတ်ချင်လွန်းတဲ့ ချစ်သဝဏ်

ကျွန်မသည် အမျိုးသမီးတစ်ယောက်၏ အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်ကို ဖတ်နေပါသည်။ ထိုစာအုပ်ထဲတွင် အမျိုးသမီး၏ ယောကျ်ားဖြစ်သူက 'ချစ်သဝဏ်လွာ' လေးများကို ရေးပြီး အိမ်ထဲမှာ လျှောက်ဝှက်ထားသည်။ မိန်းမဖြစ်သူက အိမ်မှုကိစ္စများကို ပင်ပင်ပန်းပန်းလုပ်နေရင်း တွေ့လာရသည့် ချစ်သဝဏ်လေးများကို ဖတ်ပြီးပျော်ရွှင်ကြည်နူးရကြောင်း ဖော်ပြထားသည်။ ထိုအကြောင်း ခင်ပွန်းဖြစ်သူကို ကျွန်မက စိတ်ပါလက်ပါ ပြန်ပြောပြခဲ့ပါသည်။ ခင်ပွန်းဖြစ်သူက ကျွန်မကို 'အပိုအလုပ် တွေပါကွာ' ဆိုတဲ့ သဘောပြန်ကြည့်နေပါသည်။

နောက်တစ်နေ့ နံနက်တွင် နံနက်စာစားပြီးသည့် စားပွဲကို သန့်ရှင်းရေး ကမန်းကတန်းလုပ်နေရသည်။ ယောကျ်ားဖြစ်သူကလည်း အပြင်ကို အတူတူသွားရန်စောင့်နေပါသည်။ ကျွန်မ

စားသည့် ပန်းကန်ပြားအောက်၌ စာရွက်ခေါက်ကလေးတွေ့သဖြင့် ချစ်သဝဏ်လွှာလေး အမှတ်ဖြင့် အားပါးတရဖြေလိုက်ပြီး ဖတ်ကြည့်လိုက်တော့ 'မြန်မြန်လုပ်' ဟူ၍ ရေးထားသည်ကို တွေ့လိုက်ရပါသည်။

❑

# ညီမျှခြင်း

တစ်ခါတုန်းက အနောက်နိုင်ငံမှာ သေနတ်သမား နှစ်ယောက်သည် ဆိုင်တစ်ဆိုင်အတွင်း ယှဉ်ပြိုင်ပစ်ခတ်ကြဖို့ ရှိနေပါသည်။ ဆိုင်အတွင်း၌ သူတို့နှစ်ယောက်အတွက် နေရာ ရှင်းပေးထားသည်။ နှစ်ယောက်သား မျက်နှာချင်းဆိုင်ရပ်နေကြသည်။ တစ်ယောက်က ပိန်ပိန်သေးသေး လူညက်ကလေး ဖြစ်ပြီး တစ်ယောက်က ကိုယ်အလေးချိန်ပေါင် ၂၀၀ ခန့်ရှိသည့် လူထွားကြီးဖြစ်သည်။

"နေဦး... ခဏစောင့်ဦး၊ မင်းက ပစ်မှတ်ကြီးကြီးကို ပစ်ရမှာ၊ ဒါဆိုတယ်မျှတမလဲ" ဟု လူထွားကြီးက ပြောလိုက်သည်။

လူညက်ကလေးက ဆိုင်ရှင်ထံ အမြန်သွားပြီး "အဲ့ဒီလူရဲ့ ကိုယ်ပေါ်မှာ ကျူပ်အရွယ်လောက်လူပုံ မြေဖြူနဲ့ ဆွဲပေးစမ်းပါ။ ရုပ်ပုံကို လွဲပြီးထိမှန်တဲ့ ကျူပ်ရဲ့ ကျည်ဆန်တွေကို ထည့်မတွက်နဲ့ပေါ့" ဟု ပြောလိုက်သည်။

❑

## မလိုချင်လို့

ကျွန်ုပ်သည် သေလုနီးပါးမျှ ထိခိုက်ဒဏ်ရာရသဖြင့် ဆေးရုံတက်ခဲ့ရပါသည်။ နောက်တစ်နေ့နံနက် စောစောတွင် ဆရာဝန်က ကျွန်ုပ်ကိုလာကြည့်သည်။ ကျွန်ုပ်၏ ဒဏ်ရာကြီးမားလွန်းသည်ကို သိနေသောကြောင့် အသက်မသေသည်ကိုက အလွန်တရာ ကံကောင်းကြောင်း ဆရာဝန်က ပြောပြပါသည်။

"ကောင်းကင်ဘုံက တစ်ဦးဦးက ကျွန်ုပ်ကို နှစ်သက်သော ကျနေတယ်ထင်ပါရဲ့"ဟု ကျွန်ုပ်က ပြောလိုက်သည့်အခါမှာ ဆရာဝန်က "ဒါအပြင် ကောင်းကင်ဘုံက တစ်ဦးဦးက၊ မင်းကို မလိုချင်တာလဲ ဖြစ်နိုင်တယ်"ဟု ပြန်ပြောခဲ့ပါသည်။

❑

# စိတ်ကြိုက်ပေါင်ချိန်စက်

ကျွန်မ သူငယ်ချင်း၏ ကိုယ်အလေးချိန်၊ ချိန်တွယ်စစ်ဆေးသော ပေါင်ချိန်စက်ကျိုးပျက်သွားသဖြင့် အသစ်တစ်ခုထပ်ဝယ်ရန် ကိုန်တိုက်ကိုသွားရာတွင် ကျွန်မကအဖော်အဖြစ်လိုက်သွားရသည်။ ကျွန်မ၏ သူငယ်ချင်းဖြစ်သူသည် ပေါင်ချိန်စက်များပေါ် စမ်းစမ်းတက်ပြီး၊ ချိန်ချိန်ကြည့်သည်။ပေါ်လာသည့် ဂဏန်းများကို ကြည့်သည်။ ယင်းတို့အနက်မှ သူ၏ ကိုယ်အလေးချိန်ကို အနည်းဆုံး ဖော်ပြပေးသော ပေါင်ချိန်စက်ကို ဝယ်ယူခဲ့ပါသည်။



## ပန်းချီဆရာရဲ့ ပြန်ကြားစာ

'ကက်ပိုင်လို' သည် ပြင်သစ်နိုင်ငံ၌ ထိပ်တန်းပိုစတာ ဒီဇိုင်း ပန်းချီဆရာတစ်ယောက် ဖြစ်ပါသည်။ တစ်ရက်တွင် သူ့ထံသို့ ရေးပို့လိုက်သော နာမည်ကျော် ယမကာထုတ်လုပ်ရေး လုပ်ငန်း၏ စီတစ်စောင်ကို လက်ခံရရှိခဲ့သည်။ စာထဲတွင် 'ကျွန်ုပ်တို့၏ ထုတ်ကုန်ပစ္စည်းများအပေါ် အကောင်းဆုံးကြော်ငြာပေးနိုင်မည့် ပိုစတာပြိုင်ပွဲတစ်ခု ကျင်းပပြုလုပ်ရန် စီစဉ်နေကြပါသည်။ သင်၏ ပိုစတာအချို့ကို ကျွန်ုပ်တို့ အကဲဖြတ်ကြည့်ရှုစစ်ဆေးရမည်ဆိုလျှင် ဝမ်းမြောက်ပါမည်။ ရွေးချယ်ခံရသော ပိုစတာကို ဆုငွေဖရန့် ၂၀,၀၀၀ ချီးမြှင့်ပါမည်။ အရွေးချယ်မခံရသော ပိုစတာများကို ဝမ်းနည်းစွာဖြင့် ပြန်ပို့မပေးနိုင်ပါ' ဟူ၍ ဖော်ပြထားလေသည်။

ကက်ပိုင်လိုက ချက်ချင်းဆိုသလို စာပြန်ရေးလိုက်သည်။ သူရေးလိုက်သည့်စာမှာ "ကျွန်ုပ်သည် ပြင်သစ်နိုင်ငံတွင်းရှိ အရက်များအနက် မည်သည့်အရက်သည် အကောင်းဆုံးဖြစ်ကြောင်း ရွေးချယ်သည့် ပြိုင်ပွဲကျင်းပရန် စီစဉ်နေပါသည်။ သင်တို့၏ စက်ရုံမှ အရက်ပုလင်းအချို့ကို ပြိုင်ပွဲဝင်ရန် ပေးပို့မည်ဆိုလျှင် ဝမ်းမြောက်ပါမည်။ အရွေးချယ်မခံရသော ပုလင်းများကို ဝမ်းနည်းစွာဖြင့် ပြန်လည်မပေးပို့နိုင်ပါ" ဟူ၍ ဖြစ်ပါသည်။

❑

## စိတ်ပူလို့ပါ သားရယ်

လူငယ်တစ်ယောက်ဟာ သူ့ထံကို ရက်ကြာအောင် လာလည်မယ်ဆိုတဲ့ အမေဖြစ်သူကို သွားခေါ်တယ်။ မိခင်နေထိုင်ရာအိမ်ကို ရောက်သွားတဲ့အခါမှာ မိခင်ဖြစ်သူဟာ အဝတ်တွေကို မီးပူတိုက်နေတာ တွေ့လိုက်ရတယ်။ မိခင်ဖြစ်သူဟာ ဝမ်းသာအားရနဲ့ ထလိုက်လာတယ်။ သားအမိနှစ်ယောက် ကားမောင်းပြီး ထွက်လာကြတယ်။ သားဖြစ်သူ ကားမောင်းနေဆဲမှာ ကားကို နောက်ပြန်လှည့်ပြီး အိမ်ခဏပြန်မောင်းပေးဖို့ မိခင်ဖြစ်သူက ပြောလိုက်တယ်။

သားဖြစ်သူက လှည့်ကြည့်လိုက်ရာ အဲ့သြသွားရတယ်။ သူ့အမေရဲ့ လက်ထဲမှာ မီးပူကြီးကိုင်ထားတာ တွေ့လိုက်ရတယ်။ "ငါ နိုးရိမ်လို့ပါ၊ မီးပူခလုတ်ကို ပိတ်ခဲ့မိသလား၊ မပိတ်ရသေးဘူးလား စိတ်ပူလို့ပါသားရယ်" လို့ မိခင်က ပြောပြလိုက်တယ်။

❑

## ဖလှယ်ပေးမည်

မြို့တစ်မြို့မှာ အသုံးပြုပြီးအား ကစားပစ္စည်းတွေကို ဖလှယ်ပေးတဲ့ ဆိုင်တစ်ဆိုင် ဖွင့်လှစ်ထားတယ်။ လဲလှယ်လို့ ရနိုင်တဲ့ ပစ္စည်းတွေ အများကြီးရှိတဲ့အထဲမှာ ပါဝင်နေတာတစ်ခုကတော့ "စကိတ်စီး ဖိနပ်တစ်စုံ ပြန်သွင်းလျှင် ချိုင်းထောက်တစ်စုံ ပြန်ရမည်" လို့ ဖြစ်ပါတယ်။

❑

## ဒီအတိုင်းထား

ပြဇာတ်ရုံတစ်ရုံမှာ ဇာတ်ညွှန်းရေးဆရာဟာ သာယာလွမ်းမောဖွယ် နေဝင်ချိန်အလှကို မီးဆလိုက်တွေထိုးပြီး တကယ်တူအောင် ဖန်တီးကြည့်နေတယ်။ မီးသမားတွေကလည်း အရောင်တွေပေါင်းစပ်ပြီး တစ်နာရီ၊ နှစ်နာရီကြာအောင် ကြိုးစားလုပ်ဆောင်ပေးနေကြတယ်။ ဒီလိုနဲ့ နောက်ဆုံးမှာ ဇာတ်ညွှန်းဆရာလို ချင်တဲ့ အရောင်ပေါ်လာတယ်။ "ဒါပဲ... ဒါပဲ" လို့ လှမ်းအော်လိုက်တယ်။ နောက်ပြီး "ဒီအတိုင်းထား... ဒီအတိုင်းထား" လို့ ဆက်ပြောလိုက်ပြန်တယ်။

"ဒီအတိုင်းထားလို့ မရဘူးဆရာရေ့ ကျွန်တော်တို့ ဇာတ်ရုံကြီး မီးလောင်နေပြီ" လို့ ဇာတ်ခုံလက်ထောက်ရဲ့ အော်ဟစ်တောင်းပန်သံ ထွက်ပေါ်လာတယ်။

❑

## ရိုးသားတဲ့ ယောကျ်မကြီး

ရူပါမတ်ကတ်ထဲက စျေးဝယ်ပြီး ပြန်ထွက်လာတဲ့ ကျွန်တော့်ယောကျ်မကြီးဟာ သူဝယ်ယူလာတဲ့ပစ္စည်းတွေထဲက "အာဟာရအရည်" တစ်ပုလင်းဖို့ ငွေမချေခဲ့ရသေးတာကြောင့် စျေးဆိုင်ပြန်သွားတယ်။ ကိုယ်အလေးချိန် မြန်မြန်ကျအောင်ဆိုပြီး အစားအစာတွေ လျှော့ချကာ အာဟာရအရည်ကို အစားထိုးသောက်နေတယ်။

ဆိုင်ရောက်တော့ အကျိုးအကြောင်း ပြောပြပြီး အာဟာရအရည်တစ်ပုလင်းဖို့ ကျန်ခဲ့တာကို ပေးချေလိုက်တယ်။ ဆိုင်မန်နေဂျာဖြစ်သူက ရိုးသားတာကို သဘောကျလို့ လက်ဆောင်တစ်ခု ပေးလိုက်တယ်။ အိမ်ပြန်အရောက်မှာ ယောကျ်မကြီးဟာ ဝမ်းသာအားရနဲ့ လက်ဆောင်စက္ကူထုပ်ကို ဖြေကြည့်လိုက်တယ်။ အသုံးမတည့် သူမလိုချင်တဲ့ အာဟာရဖြည့်စွက်ထားတဲ့ ချောကလက်ဘူးဖြစ်နေတာ တွေ့ရတော့ စိတ်ပျက်သွားရပါတယ်။

❑

## အသက်ကြီးမှ မိန်းမယူရခြင်းအကြောင်း

တစ်သက်လုံး မိန်းမယူတော့မှာ မဟုတ်ပါဘူးလို့ သတ်မှတ်ထားတဲ့ သူငယ်ချင်းတစ်ယောက်ဟာ အသက် (၅၀)ရောက်မှ လက်ထပ်လိုက်တယ်။ ဘာဖြစ်လို့များ ဒီလောက်အကြာကြီးနေပြီးမှ မိန်းမယူရတာလဲကွာလို့ ကျွန်ုပ်တို့က မေးကြည့်လိုက်တဲ့အခါ "အေး... ကောင်းပြီ ငါရှင်းပြမယ်၊ ငါယူမိတဲ့ မိန်းမဟာ မိန်းမနာဆိုး ဖြစ်နေရင် သိပ်အကြာကြီး ဆက်ပေါင်းမနေရတော့ဘူးပေါ့ကွာ၊ နောက်ပြီး ကြင်နာယုယတဲ့၊ နားလည်မှုရှိတဲ့ မိန်းမဖြစ်နေရင်လည်း သူ့ကို ဒီလိုဖြစ်လာအောင် ငါသည်းခံစောင့် မနေခဲ့ရတော့ဘူးပေါ့..." လို့ ရှင်းပြလိုက်ပါတယ်။

❑

## ပျော်စရာ ရေခဲပြင်ပါတီပွဲ

အမေရိကန်ပြန်ထောင်စုက သာယာလှပတဲ့ ဒယ်လာဝဲရာ မြစ်လက်တက် ဘေးမှာနေတဲ့ ကျွန်တော့် သူငယ်ချင်းတစ်ယောက် ရှိတယ်။ သူရဲ့ အရေးပါအရာရောက်တဲ့ စီးပွားရေးလုပ်ငန်း ဆိုင်ရာ အပေါင်းအသင်းတွေကို ပါတီပွဲစစ်စစ်လုပ်ပေးချင်တာ ကြောင့် ကြိုးစာပမ်းစားနဲ့ ရေခဲနေတဲ့မြစ်ပေါ်မှာ သူ့ရဲ့ ဧည့်ခန်း သုံးပစ္စည်းတွေ အကုန်ရွှေ့လိုက်တယ်။ ကော်ဖော်တွေခင်း၊ တေးဂီတတွေလည်း ဖွင့်ပေးထားတယ်။ လိုလေသေးမရှိဘူး။ သူငယ်ချင်းတွေ အများအပြားလာကြတယ်။ ကကြ၊ ခုန်ကြ၊ စကိတ်စီးကြနဲ့ ညဉ့်အတော်နက်သွားတယ်။

ပါတီပွဲကတော့ ပျော်ပျော်ရွှင်ရွှင်နဲ့ အောင်အောင်မြင်မြင် ဖြစ်ပါရဲ့၊ ဒါပေမယ့် သူငယ်ချင်းခမျာ မောပန်းကျန်ရစ်ခဲ့တယ်။

ပင်ပန်းလို့ အိမ်ထဲပြန်ဝင်နေလိုက်တော့တယ်။ မနက်မိုးလင်းလို့ ပစ္စည်းတွေပြန်ရွေ့မယ်ဆိုပြီး ကြည့်လိုက်တော့ ဘာမှမရှိတော့ဘူး။ ညကတည်းက ရေခဲပြင်အရည်ပျော်ပြီး စက္ကန့်ပိုင်းအတွင်း ဧည့်ခန်းဆောင်ကြီး မြစ်ထဲမျောပါ သွားခဲ့ရပါတယ်။

❑

## လက်ထပ်ချိန်

"သမီးကလေးရဲ့ မင်္ဂလာကိစ္စ စဉ်းစားပေးဖို့ အချိန်တန်ပြီထင်တယ်" လို့ ဇနီးသည်က ခင်ပွန်းဖြစ်သူကို ပြောလိုက်တယ်။

"အို... နေပါစေကွာ၊ သင့်တော်တဲ့သူတွေ့လာတဲ့အထိ စောင့်နေပါစေဦး" ဖခင်ဖြစ်သူက အကြံပေးလိုက်တယ်။

"ဘာဖြစ်လို့ စောင့်နေရမှာလဲ... ကျွပ်လည်း စောင့်မနေခဲ့ဘူး" လို့ ဇနီးသည်က ပြန်ပြောလိုက်တယ်။

❑

## အနိုင်ရလျှင်

ရွေးကောက်ပွဲမှာ အနိုင်ရရင် ဘာတွေလုပ်ဖို့ စီစဉ်ထားလဲလို့မေးရာ "အဲဒီကိစ္စကို ကျွန်တော့်ခေါင်းထဲ လုံးဝမထားသေးပါဘူး၊ အရွေးမခံရရင် ဘာဆက်လုပ်ရမလဲဆိုတာကိုပဲ စဉ်စားနေပါတယ်"လို့ အိမတ်လောင်းက ပြန်လည်ဖြေကြားခဲ့တယ်။

❑

## ပတ်ဝန်းကျင်ကောင်း

ဓနိုးသည်နဲ့ ကျွန်တော်ဟာ ကျွန်တော်တို့ပိုင် ပစ္စည်းတွေ ဖြစ်တဲ့ လက်ဆွဲအိတ်တွေ၊ သေတ္တာတွေကို ကြည့်ရှုစစ်ဆေးနေ စဉ်မှာပဲ၊ ဇာခါးကိုဖွင့်ပေးလိုက်တော့ စမတ်ကျ ဝတ်စားဆင်ယင် ထားတဲ့ သက်လတ်ပိုင်းအရွယ် အမျိုးသမီးကြီးတစ်ဦးကို ဘွားခနဲ တွေ့လိုက်ရတယ်။

သူမဟာ ဘေးခန်းမှာနေတဲ့အကြောင်း၊ အိမ်သစ်ပြောင်း လာတဲ့ ကျွန်တော်တို့ကို ကြိုဆိုနှုတ်ဆက်ဖို့ ထွက်လာခဲ့ရတဲ့ အကြောင်း ပြောတယ်။ ဆက်ပြီး "သိတယ် မဟုတ်လား၊ တစ်ယောက်နဲ့တစ်ယောက်၊ ရင်းရင်းနှီးနှီး မနေတတ်ကြတဲ့ ရပ်ကွက်တွေအများကြီး ဒီမြို့မှာ ရှိတယ်လေ။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မညီမနေတဲ့ တိုက်ခန်းမှာဆိုရင် နေတဲ့သူတွေဟာ

အခန်းချင်းကပ်နေတာတောင် တစ်ယောက်နဲ့တစ်ယောက် မသိကြဘူး။ ဒါပေမယ့် ကျွန်မတို့ ဒီမှာကတော့ ပျော်စရာမိသားစုကြီးတစ်ခုပါ"လို့ ပြောနေပြန်တယ်။

ကျွန်တော်တို့လည်း စိတ်မရှည်တော့တာနဲ့ "ပြောင်းတော့မလို့ အထုပ်အပိုးပြင်နေတာပါ"လို့ ပြန်ပြောလိုက်မိပါတယ်။

❑

## နင်းနဲ့အတူ

"နယူးယောက် ဒေးလီးနယူးစ်" သတင်းစာရဲ့ အယ်ဒီတာထံပေးစာကဏ္ဍမှာ "ဖယ်ရှားစရာဆီးနှင်းတွေ မရှိတော့ဘူး ဆိုရင်၊ မြို့တော်ရဲ့ ဆီးနှင်းရှင်းလင်းရေး ရန်ပုံငွေဟာ ဘယ်ရောက်သွားမှာလဲ" လို့ မေးထားပါတယ်။

ပေးစာတဝန်ခံ ဂျွန်ဟာတယ်လ်က "ဆီးနှင်းတွေဟာ သူ့အလိုလို အရည်ပျော်သွားသလို၊ ရန်ပုံငွေဟာလည်း သူ့လိုလို အရည်ပျော်သွားပါမယ်" လို့ ပြန်လည်ဖြေကြားလိုက်ပါတယ်။

❑

## သူခဲ့ယူချက်

"သူငွေးဆီ လာ လာတွေ့နေကြတဲ့ အရေးပါတဲ့လုပ်ငန်းရှင်ကြီးတွေနဲ့ ဆက်ဆံနေရတာ၊ သူတို့အပေါ် စိတ်ပါဝင်စားမှုမဖြစ်ဘူးလား" လှက်နှိပ်စက် စာရေးမကလေးက အတွင်းရေးမှူးမကလေးကို မေးလိုက်တယ်။

အတွင်းရေးမှူးမလေးကပြုံးပြီး "မဖြစ်ပါဘူး... ကျွန်မက သူတို့ အားလုံးကို မိန်းမရှိပြီးသား လူတွေချည်းပဲလို့ မှတ်ယူထားတယ်" လို့ ပြန်ဖြေလိုက်တယ်။

❑

## ခရမ်းချဉ်သီးရည်

မေး ဒီကနေ့မနက်မှာ ကျွန်မယောကျ်ားရဲ့ အက်ိဳကော်လာ တစ်ခုလုံးပေါ်မှာ နွားတ်ခမ်းနီဆိုးဆေးတွေ စွန်းပေနေတာ တွေ့ရတယ်။ သူကတော့ အဲဒါတွေဟာ ခရမ်းချဉ်သီး အချဉ်ရည်တွေပါလို့ ပြောနေတယ်။ ဒီလိုအဖြစ်မျိုးနဲ့ ကြုံတွေ့လာရင် မမအနေနဲ့ ဘာဆက်လုပ်မှာလဲဆိုတာ ကို သိပါရစေ။

ဖြေ ခရမ်းချဉ်သီးအချဉ်ရည်ဆိုတာ ဘယ်သူလဲသိအောင် လုပ်ရ မှာပေါ့။

❑

## သူဆန္ဒက

ကုန်စုံဆိုင်ကြီးတစ်ဆိုင်ရဲ့ ကောင်တာရှေ့ကို သပ်သပ်ရပ်ရပ်၊ ကောင်းကောင်းမွန်မွန် ဝတ်စားဆင်ယင်ထားတဲ့ လူကြီးလူကောင်းတစ်ယောက် ရောက်ရှိလာတယ်။ ကိုယ်လုံး ကိုယ်ပေါက်လှလှပပနဲ့ အရောင်းစာရေးမလေးက မင်္ဂလာနေ့လယ်ခင်းပါ"လို့ ချိုသာစွာ နှုတ်ဆက်လိုက်တယ်။ နောက်ပြီး "လူကြီးမင်းရဲ့ လိုချင်ရာဆန္ဒကို သိပါရစေရှင်"လို့ ဆက်လက်မေးမြန်းလိုက်တယ်။

ထိုအခါ လူကြီးလူကောင်းသည် အရောင်းစာရေးမလေးကို အတန်ကြာအောင်၊ သဘောကျနှစ်ခြိုက်စွာကြည့်ပြီး "ကျွန်တော်ရဲ့ လိုချင်ရာဆန္ဒကတော့၊ မင်းကို ဒီဆိုင်ထဲက ခေါ်ထုတ်သွားမယ်၊ နောက်ပြီး... ဒါပေမယ့် အခုလိုချင်တာကတော့ ခြေအိုတ်တစ်စုံပါပဲ"လို့ ပြန်လည် ပြောကြားလိုက်ပါတယ်။

❑

## ခွေးပြောချင်တာက

လူတစ်ယောက်ဟာ တိရစ္ဆာန်ဆေးကုခန်းကို ရောက်လာပြီး အဲဒီဆေးခန်းမှာ ဆေးကုသဖို့ ပို့ထားတဲ့ သူတို့မိသားစုရဲ့ ခွေးကလေးကို ယူသွားတယ်။ အိမ်ကိုလည်း ပြန်ရောက်ရော "ခွေးသွားခေါ်ရတာ စိတ်မချမ်းသာပါဘူးကွာ၊ တစ်လမ်းလုံး ဟောင်နေတော့တာပဲ၊ ငါ့ကို တစ်ခုခုပြောချင်နေသလိုပဲ" လို့ သူ့မိန်းမကို ပြောပြလိုက်တယ်။

"မောင် ပြောတာ မှန်သပေါ့" မိန်းမက ထောက်ခံလိုက်တယ်။ ပြီးတော့ ဆက်ပြောလိုက်တယ်။ "ခင်ဗျား ခွေးမှားပြီး အိမ်ကိုယူလာနေပြီလို့ ခွေးကလေးက ပြောပြဖို့ ကြိုးစားနေတာလေ"

❑

## ရဲတိုက်ကြီးက ညနေစာ

တစ်ခါတုန်းကပေါ့။ ဟောင်ဝလီ ဂလတ်စ်ဟာ အမ်ဘာလ် မြို့စားကြီးရဲ့ အမှုတော်ထမ်း တစ်ဦးဖြစ်ခဲ့ရတယ်။ အဲဒီအချိန်မှာ အမ်ဘာလ်မြို့စားကြီးရဲ့ ရဲတိုက်ဟာ ရန်သူတွေရဲ့ ဝိုင်းဝန်းထားခြင်း ခံနေရတယ်။ ဟောင်ဝလီဂလတ်စ်ကို ကင်းမျှော်စင်မှာ ကင်းစောင့်တာဝန်ချထားတယ်။ အထူးဂရုစိုက် စောင့်ကြည့်နေဖို့နဲ့ ရန်သူကိုမြင်ရင် တံပိုးခရာမှုတ် အချက်ပေးရန်လည်း မှာထားတာယ်။

မကြာခင်မှာပဲ မြို့စားကြီးနဲ့ သူ့ရဲ့ အကြီးအကဲအရာရှိတစ်တွေ ထမင်းစားဆောင်ကြီးထဲ ဝင်သွားတာကို မြင်တွေ့လိုက်တယ်။ စားသောက်ဖွယ်ရာတွေရဲ့ မွှေးကြိုင်တဲ့ အနံ့အရသာကို ဟောင်ဝလီဂလတ်စ် တစ်ဝကြီး ရှူရှိုက်နေရတယ်။

အဲဒီအခါမှာ ဟောင်ဝလီဂလတ်စ်ဟာ ကောက်ခါ ငင်ခါ ထပြီး သူ့ရဲ့ တံပိုးခရာကြီးကို ကျယ်လောင်စွာ မှုတ်ထည့်လိုက်တယ်။ ခရာမှုတ်သံ ကြားရတော့ မြို့စားကြီးနဲ့ သူ့ရဲ့ အရာရှိကြီးတွေ ပြေးထွက်လာကြတယ်။ သူတို့နေရာ သူတို့သွား ကာ ရန်သူလာရင်ခုခံရန် အဆင်သင့်လုပ်နေကြတယ်။

ဟောင်ဝလီဂလတ်စ်လည်း ကင်းမျှော်စင်ပေါ်က ပြေးဆင်း လာပြီး ထမင်းစားဆောင်ကြီးထဲဝင်၊ သူစားချင်တာတွေကို ဗိုက်ကားအောင် စားပစ်လိုက်ပါတော့တယ်။

❑

## အမေးပုစ္ဆာ ငါးခု

ပရပ်မြို့ကို ရောက်ခဲ့စဉ်အခါတုန်းက ဟောင်ဝလီဂလတ်စ်ဟာ "ဘယ်လောက်ပဲ ခက်ခဲပါစေ၊ မည်သည့် မေးခွန်းမျိုးကို မဆို ဖြေဆိုပေးနိုင်သည်" ဆိုပြီး ဘုရားကျောင်းတွေရဲ့ တံခါးပေါ်မှာ ကြော်ငြာစေတွေ လိုက်ကပ်တယ်။ သူ့ကို တက္ကသိုလ်ကျောင်းတော်ကြီးဆီ ခေါ်ဆောင်သွားတယ်။ ကျောင်းသူ၊ ကျောင်းသားတွေရဲ့ ရှေ့မှောက်မှာ ပါမောက္ခချုပ်က သူ့ကို အမေးပုစ္ဆာများ ထုတ်ပါတယ်။

"ပင်လယ်ထဲမှာ ရေဘယ်လောက်များများ ရှိသလဲ"

"ဒီရေကို ရပ်တန့်သွားအောင် လုပ်ပေးပါ။ အဲဒါဆိုရင် သိချင်တဲ့အရာကို တိုင်းတာပေးပါမယ်"

"ဒါတော့ လုပ်မပေးနိုင်ပါဘူး" လို့ ပါမောက္ခချုပ်က ပြောပြီး ဒုတိယမြောက် မေးခွန်းကို ဆက်လက် မေးမြန်းလိုက်

ပါတယ်။

"အာဒမ် အသက်ရှင်နေစဉ်က စလို့ အခုအချိန်ထိ ရက်ပေါင်းဘယ်လောက် ကြာညောင်းခဲ့ပြီလဲ"

"တစ်ပတ် ခုနစ်ရက်ပါ၊ တနင်္ဂနွေ၊ စနေ တစ်ပတ် ကုန်သွားရန် နောက်ထပ် တနင်္ဂနွေ၊ စနေ တစ်ပတ် ထပ်ရောက် လာပါမယ်၊ တစ်ပတ် တစ်ပတ်ဆိုတဲ့ အရာတွေဟာ အချိန်ဆိုတာ ရှိနေသမျှ ကာလပတ်လုံး ဆက်တိုက်လာနေမှာ ဖြစ်ပါတယ်"

"ကမ္ဘာမြေကြီးရဲ့ အလယ်ဗဟိုနေရာဟာ ဘယ်မှာလဲ"

"ဘာဖြစ်လို့လဲဗျာ၊ ဒီအိမ်နေရာပေါ့၊ သေချာပါတယ်၊ ကြီးရှည်ရှည်တစ်ချောင်းနဲ့ တိုင်းကြည့်ပါလား၊ ကျုပ်ပြောတာ တစ်လက်မတောင် မလွဲမှန်နေတာကို ခင်ဗျားတို့ တွေ့ရပါလိမ့်မယ်"

"ကောင်းကင်ဘုံနဲ့ မြေကြီး ဘယ်လောက်ကွာဝေးသလဲ"

"နီးနီးကလေးမှ တကယ့်ကို နီးနီးကလေးပါ၊ ကျုပ်တို့ဟာ ကမ္ဘာမြေကြီးနဲ့ အလွန်တရာနီးတဲ့ နေရာကနေပြီး အမြဲတမ်း ဆုတောင်းနေကြပါတယ်၊ ဒါကို ကောင်းကင်ဘုံက သေသေချာချာ ကြားနေနိုင်စာယ် မဟုတ်လား"

"ထားပါတော့ကွာ၊ ကောင်းကင်ဘုံ ဘယ်လောက် ကြီးသတုန်း"

"လိုက် နှစ်သောင်း၊ သံသယရှိရင် တိုင်းကြည့်ကြလေ"

("လိင်" ဆိုသည်မှာ ပင်လယ်ခရီးမိုင် သုံးမိုင် ဖြစ်ပါသည်။)

အဲဒီနောက်မှာတော့ ပါမောက္ခချုပ်ဟာ ဆက်မေးစရာ မရှိတော့ဘူး။ ဟောင်ဝလီဂလတ်စ် ကောင်းကောင်းအဖြေမပေးနိုင်မယ့် အမေးပုစ္ဆာမျိုး ထပ်မထုတ်နိုင် ဖြစ်သွားခဲ့ရပါတော့တယ်။

❑

## အံ့ဖွယ်မြင်း

ဟောင်ဝလီဂလတ်စ်ဟာ ခရီးသွားလာနေရင်း ဟာလ်ဘတ် စတတ်မြို့သို့ ရောက်သွားခဲ့တယ်။ သူတွေ့ရသမျှထဲက အကောင်းဆုံး တည်းခိုခန်းမှာ ညအိပ်ရပ်နားနေတယ်။ မကြာခင်မှာပဲ သူ့မှာ ပါလာတဲ့ငွေတွေ ကုန်သွားခဲ့တယ်။ ငွေထပ်ရဖို့ အကြံထုတ်ရပြန်တယ်။ ဘယ်နေ့ဘယ်ရက်မှာ အံ့သြဖွယ်ရာကောင်းတဲ့ ပြပွဲတစ်ခု ကျင်းပမယ်ဆိုတဲ့အကြောင်း ရွာဆော်တစ်ဦးကို ခေါ်ကာ မြို့ထဲလိုက်လံ အော်ဟစ်ကြေညာ ခိုင်းလိုက်တယ်။

ပြပွဲရက်လည်း ရောက်ရော-

"လာကြပါခင်ဗျာ၊ ရှိရှိသမျှမြင်းတွေထဲမှာ အဖိုဆန်းဆုံး မြင်းတစ်ကောင်ကို လာကြည့်ကြပါခင်ဗျာ၊ မြင်းရဲ့ အမြီးဟာ ခေါင်းရှိရမယ့်နေရာမှာ ရှိနေပါတယ်" လို့ ဟောင်ဝလီဂလတ်စ်က ဖြာပြနေတယ်။

ထူးဆန်းတဲ့ သတ္တဝါကို ကြည့်မယ်ဆိုပြီး ရာနှင့်ချီသော လူအုပ်တွေ ရောက်လာကြတယ်။ မြင်းဇောင်းထဲ ဝင်ကြည့်တဲ့ အခါမှာတော့ မြင်းရဲ့အမြီးကို မြင်းစားခွက်မှာ ခိုင်မြဲအောင် ချည်ထားတဲ့ ရိုးရိုးသာမန်မြင်းတစ်ကောင်ကိုသာ တွေ့မြင်ကြ ရတယ်။

ဝင်ကြည့်မိတဲ့သူတို့ဟာ မဟုတ်ပါဘူးလို့ ပြောရမှာလည်း အခက်၊ သူတို့ထင်သလို မဟုတ်ပေမယ့် ကြော်ငြာတဲ့အတိုင်း ဟုတ်နေတယ်။ သူတို့ အညာခံရတဲ့အဖြစ်ကို သူတို့ သိရှိသွား ကြတော့ မရယ်ဘဲမနေနိုင်ကြတော့ဘူး။ ဒါပေမယ့်လို့ မကြည့် ရသေးတဲ့ သူတွေကို ဒီလျှို့ဝှက်ချက်အား ဖော်ထုတ်မပြောကြ ရန် ဟောင်ဝလီဂလတ်စ်က မေတ္တာရပ်ခံ ကတိတောင်းလိုက်ပါ သေးတယ်။

**Ref ; "The Book of Knowledge", Vol. 6**

❑

# မျိုးချစ်သူ

ပိုလန်နိုင်ငံကို ရုရှတွေ သိမ်းပိုက်ထားစဉ်က ဖြစ်ပါတယ်။

ချမ်းသာတဲ့ ပိုလန်လူမျိုး မြေပိုင်ရှင်တစ်ယောက်ဟာ ကိုက်နေတဲ့ သွားတစ်ချောင်းကို နှုတ်ပေးဖို့ သွားဆရာဝန်တစ်ယောက်ကို ခေါ်ယူထားတယ်။ သွားဆရာဝန်က သွားနှုတ်ပေးဖို့ အဆင်သင့် ဖြစ်နေဆဲမှာ၊ ရုရှစစ်ဗိုလ်ချုပ်ကြီး တစ်ယောက် ရထားလုံးစီးပြီး မြေပိုင်ရှင်ကြီး အိမ်ရောက်လာတယ်။

ရုရှဗိုလ်ချုပ်ကြီး လာနေတာကို မြင်လိုက်ရတဲ့ မြေပိုင်ရှင် သူဌေးကြီးဟာ သွားဆရာဝန်ကို အခြားအခန်းမှာ ခေတ္တခဏ ပြောင်းပြီး စောင့်နေစေပါတယ်။ နာနေတဲ့ သွားကိုပြုပြီးပြီ။ သူခေါ်လိုက်တဲ့ အခါမှာလာရောက်၍ နာနေတဲ့သွားကို နှုတ်ပေးရန်၊ အခြားသွားကောင်းများကို နှုတ်မပစ်ရန် ကြိုတင် တောင်းပန်စကား ပြောကြားထားပြီး ဖြစ်တယ်။

အဲဒီနောက် မြေပိုင်ရှင်ကြီးဟာ ရောက်လာတဲ့ ည့်သည်ကို သွားရောက်ကြိုဆိုလိုက်တယ်။ စကားအတန်ကြာ ပြောပြီးကြတဲ့ အခါမှာ...

"မင်းတို့ ရုရှလူမျိုးတွေက မင်းတို့ရဲ့ ဧကရီဘုရင်မကြီးကို ပိုလန်လူမျိုးတွေထက်ပိုပြီး ချစ်သဖောင့် ဆောင်နေကြတာပါ။ မင်းတို့ ချစ်တယ်လို့ပြောတာကို ငါတော့မယုံဘူး။ ဘာဖြစ်လို့လဲ သိလား၊ ကုန်ကုန်ပြောမယ်ကွာ... ငါက မင်းထက်ပိုပြီး ဘုရင်မကြီးကို ချစ်တယ်။ ချစ်တာကို သက်သေထူပြနိုင်တယ်" လို့ မြေပိုင်ရှင်ကြီးက စကားစလိုက်တယ်။

"မင်းက ဘယ်လို သက်သေထူပြနိုင်သလဲ" ဗိုလ်ချုပ်ကြီးက စိတ်ဝင်တစားနဲ့ ပြန်မေးလိုက်တယ်။

"မင်း မလုပ်နိုင်တဲ့ဟာ၊ ငါလုပ်ပြမယ်" ဆိုပြီး မြေပိုင်ရှင်ဟာ သွားဆရာဝန်ကို လှမ်းခေါ်လိုက်တယ်။ သွားဆရာဝန်ဟာ ဗိုလ်ချုပ်ကြီး ရှေ့မှောက်မှာ ရောက်လာတယ်။

"ဧကရီဘုရင်မကြီးကို ချစ်မြတ်နိုးတဲ့အနေနဲ့ ကျွန်ုပ်ရဲ့ အကောင်းဆုံး သွားတစ်ချောင်းကို စတေးပြီး ပူဇော်လိုပါတယ်။ အဲဒါ အခုဆောင်ရွက်ပေးပါ" လို့ မြေပိုင်ရှင်က သွားဆရာဝန်ကို ခိုင်းစေလိုက်တယ်။

သွားဆရာဝန်က ဆောင်ရွက်ပေးလိုက်တယ်။ မြေပိုင်ရှင်ကြီးရဲ့ ပါးစပ်တွင်းက စီးကျနေတဲ့ သွေးတွေကိုလည်း ရုရှဗိုလ်

ချုပ်ကြီးမြင်နေရတယ်။ ရုရှဗိုလ်ချုပ်ကြီးရဲ့ စိတ်ထဲမှာ မကျေမနပ်ဖြစ်နေတယ်။ သူ့ကို ဒီလို ပြောဆိုအနှိမ်ခံရတာကိုလည်း သည်းခံနိုင်စွမ်းမရှိတော့ဘူး။ ဗိုလ်ချုပ်ကြီးတစ်ယောက်အနေနဲ့ သွေးမနည်းကြောင်း၊ မျိုးချစ်စိတ် ပြင်းထန်ကြောင်း ပြရမှာ ဖြစ်တယ်လို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီတော့ ရုရှစစ်ဗိုလ်ချုပ်ကြီးက သွားဆရာဝန်ကို...

"အခုချက်ခြင်း ငါ့ သွားနှစ်ချောင်းကို နှုတ်ပစ်လိုက်ပါ"

လို့ အမိန့်ပေးလိုက်တယ်။

သွားဆရာဝန်က စစ်ဗိုလ်ချုပ်ကြီးရဲ့ သွားကောင်းနှစ်ချောင်းကို ဆွဲနှုတ်ပေးခဲ့ရပါတယ်။

ဒီအကြောင်းကို ပိုလန်နိုင်ငံသား မျိုးချစ်များက ရယ်စရာအဖြစ် ဘယ်နေရာရောက်ရောက်၊ အကြိမ်ကြိမ်အဖန်ဖန်၊ ထပ်ကာထပ်ကာ ပြောပြခဲ့ကြတယ်။ ထို့အတူ ကမ္ဘာပေါ်မှာလည်း အကောင်းဆုံး စားရင်းဝင် ဟာသတစ်ပုဒ် ဖြစ်လာခဲ့ပါတော့တယ်။

**(The Patriot)**

❑

## အကြံပိုင်လိုက်တဲ့ဇနီးသည်

ခွဲစိတ်ထားပြီးစ ခြေထောက်တွေ လမ်းကောင်းကောင်း ပြန်လျှောက်နိုင်အောင်လေ့ကျင့်ရင်း၊ ကျွန်တော်ဟာ နေပူစာလုံ အခန်းထဲဝင်လာမိတယ်။ အခန်းထဲက စားပွဲပေါ်မှာ လိပ်စာကတ် ပြားလေးတစ်ခု တင်ထားတာတွေ့ရလို့၊ အမှတ်တမဲ့ ကောက်ယူ ကြည့်လိုက်တယ်။ နောက်ကျောဘက်မှာ–

"အကူအညီပေးကြပါဦး၊ အခန်း ၄၁၂မှာ ကျွန်ုပ် အကျဉ်းချုပ်ကျခံ နေရပါတယ်"

ဆိုပြီး ရေးထားတယ်။

လူနာအချင်းချင်းဆိုတော့ ဘာများဖြစ်နေသလဲဆိုပြီး အဲဒီအခန်းကို ကျွန်တော်သွားလိုက်တယ်။ အခန်းထဲမှာ လက်နှစ် ဖက်စလုံးနဲ့ ခြေထောက်တစ်ချောင်းကို တန်းလန်းဆွဲထားတဲ့ လူနာတစ်ယောက်ကို တွေ့လိုက်ရတယ်။ အပေါက်ဝမှာ ဝင်ဖို့ရာ

တဲ့ဆိုင်းနေတဲ့ ကျွန်ဆောက်ကို "ဝင်ခဲ့ပါ" လို့ လူနာက လှမ်းပြော လိုက်တယ်။ နောက်ပြီးတော့ ဆက်ပြောတယ်။

"ဒီကနေ့အဖို့ ကျွန်တော်တွေ့ခဲ့ရတဲ့ ဧည့်သည်တွေထဲမှာ ခင်ဗျားဟာ ပဋ္ဌမမြောက်ပါ။ ကျွန်တော်ဟာ လူသစ်ပါ၊ ဒီမြို့ကို ရောက်တာမကြာသေးတော့ မိတ်ဆွေများများမရှိသေးပါဘူး။ ခင်ဗျားဖတ်ခဲ့ရတဲ့ ကြော်ငြာဟာ ကျွန်တော့် မိန်းမရေးသွားတာ၊ သူက စနေ၊ တနင်္ဂနွေမှအားတော့ သူမလာခင် ကျွန်တော်ပျင်းနေမှာ သိတယ်လေ"

❑

## ဆံပင်မတိုချင်တဲ့သမီး

မိန်းမကြီးတစ်ယောက်ဟာ သမီးဖြစ်သူကို ဆံပင်ပုံစံတိုတို ဖြတ်ဖို့ပြောပြနေတယ်။ သမီးဖြစ်သူက မဖြတ်ချင်ဘူး။ အပြန်အလှန်ငြင်းခုန်နေကြတယ်။ နောက်ဆုံးမှာတော့ သမီးဖြစ်သူက ပွင့်ပွင့်လင်းလင်း ပြောပြလိုက်တယ်။

"ကောင်းပါပြီ၊ အမေပြောသလို ဆံပင်တိုတိုဖြတ်လိုက်ပါပြီတဲ့။ သမီးနဲ့ချိန်းထားတဲ့လူရဲ့ဆံပင်က သမီးထက်ပိုရှည်နေမှာပေါ့"

မိန်းမကြီးဆီက စကားသံထွက်ပေါ်မလာတော့ဘူး။

❑

# စာကြည့်တိုက်ထဲက သဲတင်ခဲ့

ဗာဂိုင်ယီကျွန်းမှာ စာကြည့်တိုက်ခွဲတစ်ခုရှိတယ်။ အဲဒီ စာကြည့်တိုက်မှာ သဲပုံလို့ရအောင် အထူးပုံစံပြုလုပ်ထားတဲ့ စင်တစ်ခုရှိတယ်။ စာအုပ်ပြန်လာအပ်တဲ့ သူတွေကို–

"ကမ်းခြေပေါ်မှာ သင်တို့ဖတ်ထားတဲ့ ဒုံးယူသွားသော စာအုပ်တွေထဲမှာ ဝင်နေတဲ့သဲမှုန့်တွေကို ဒီနေရာမှာ ခါချပေးပါ"

ဆိုပြီး လေးစားစွာ တောင်းပန်ထားပါတယ်။

**RD - 4/78**

❑

## မိုးကာအင်္ကျီနဲ့လူ ကလေးချို

ဘတ်စ်ကားတစ်စီးပေါ်စီးပြီး ခရီးသွားခဲ့စဉ်က ဖြစ်ပါတယ်။ ခပ်ရွယ်ရွယ်မိန်းကလေးတစ်ဦးဟာ ကလေးငယ်လေးတစ်ဖက်နဲ့၊ အထုပ်အပိုးတွေတစ်ဖက်နဲ့ ကားပေါ်တိုးဝှေ့တက်လာတယ်။ အဲဒီမိန်းကလေးရဲ့မျက်လုံးဟာ ခရီးသည်တွေအကုန်လုံးကို လျှောက်ကြည့်လိုက်တယ်။ နောက်ပြီး လူတစ်ယောက်ရဲ့ပေါင်ပေါ်ကို သူချိလာတဲ့ကလေးကို ချပေးလိုက်တယ်။

ကလေးအတင်ခံလိုက်ရတဲ့ သူဟာ အတော်ကလေးကြောင် အမ်းအမ်းဖြစ်သွားတယ်။ သဘောထဲလဲ သိပ်မတွေ့တာနဲ့-

"ဘာဖြစ်လို့ ငါ့ပေါ်ကို ကလေးထားရတာလဲ"

လို့ မိန်းကလေးကို မေးလိုက်တယ်။

မိန်းကလေးက ချိုသာစွာပြုံးပြပြီး၊

"ကားပေါ်မှာရှိတဲ့ ခရီးသည်တွေထဲမှာ ရှင်တစ်ယောက်ပဲ မိုးကာအင်္ကျီဝတ်ထားလို့ပါ။ ဒါမှ ကလေးရှူးရှူးပေါက်ရင် မစိုမှာလေ"

ဆိုကာ ရှင်းပြလိုက်ပါတယ်။

**RD - 12/58**

❑

## မှတ်မိမှာမှ မဟုတ်တာ

ကျွန်ုပ်ရဲ့တူမကလေး မာရီယာဟာ ရှစ်နှစ်သမီးအရွယ် ရှိပါပြီ။ သူဟာ အဘိုး၊ အဘွားတွေဆီ အလည်သွားရင်း မှတ်တမ်းစာအုပ်တစ်အုပ်ဝယ်ပေးဖို့ ပူဆာတယ်။ မှတ်တမ်းစာအုပ် ရတာနဲ့ သူဟာ တစ်နေ့ခင်းလုံး ထိုင်ရေးနေပါတော့တယ်။ တစ်ပုဒ်ရေးပြီးတိုင်း၊ ရေးပြီးတိုင်း သူ့အဘိုးဆီသွားကာ သူရေးထားသမျှကို ဖတ်ခိုင်းနေပါတော့တယ်။

ခဏ ခဏဖတ်နေရတဲ့ အဘိုးဖြစ်သူဟာ–

"မာရီယာ မင်းသိတယ် မဟုတ်လား။ မှတ်တမ်းဆိုတာ မင်းရဲ့ ကိုယ်ပိုင်လွတ်လွတ်လပ်လပ် အတွေးတွေမဟုတ်လား၊ အဲဒါတွေ ငါ့ကိုလာဖတ်ခိုင်းဖို့ မသင့်ဘူးထင်တယ်"

လို့ ပြောပြလိုက်တယ်။

"ဘိုးဘိုးကြီးကို ကျွန်မရဲ့ လျှို့ဝှက်ချက်တွေ စိတ်ချလက်ချ ပြောရဲပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဘိုးဘိုးကြီးက သတိမှ မကောင်းတော့တာ၊ မှတ်မိမှာမှမဟုတ်တာ"

လို့ မာရီယာက ရှင်းပြလိုက်တယ်။

**RD - 7/04**



# ညအချိန် ပျံသန်းခဲ့စဉ်က

ညအချိန် ပျံသန်းမောင်းနှင်ခြင်းကို ပထမဆုံးအကြိမ် လေ့ကျင့်နေစဉ် နည်းပြဆရာကို အင်ဂျင်စက်ရပ်သွားရင် ဘာလုပ်ရမလဲလို့ ကျွန်ုပ်က မေးမြန်းခဲ့ပါတယ်။ နည်းပြဆရာက ရှင်းပြခဲ့တယ်။

"အရှိန်ကို ထိန်းသိမ်းပြီး လေဟုန်စီးကာ အောက်ကိုနိမ့်ဆင်းလိုက်ပါ။ စက်ကိုကြိုးစားပြီး နှိုးကြည့်ပါ။ အရေးပေါ်ကယ်ဆယ်ရေးအချက်ပြတွေပို့ပါ။ နေ့နဲ့ညကွာခြားချက်က ညပိုင်းမှာ အောက်ခြေမြေပြင်ရဲ့ အခြေအနေကိုသဲသဲကွဲကွဲ မတွေ့ရဘူး။ ဒီတော့ ကွင်းရာ မီးဆလိုက်တွေကိုဖွင့်ထားပါ။ မြေပြင်နဲ့ နီးကပ်လာပြီး မင်းကြိုက်တဲ့နေရာ ရောက်လာပြီဆိုရင်"

"နေပါဦးဆရာ တွေ့လိုက်ရတဲ့ မြေပြင်ဟာ ကျွန်တော် မမြင်ချင်တဲ့ မြင်ကွင်းနေရာမျိုး ဖြစ်နေရင်ကော"

"ကွင်းဆင်း ဆလိုက်မီးတွေ ပိတ်ပစ်လိုက်ပေါ့"

**RD - 7/04**

❑

## နောက်တစ်ကောင် ပေါက်လာဦးမှာလား

ကျွန်ုပ်မွေးမြူထားတဲ့ ကြောင်တစ်ကောင်သေဆုံးသွားပြီဆိုတဲ့အကြောင်း ကြားသိသွားတဲ့၊ ဖနစ်သားအရွယ် ကျွန်ုပ်ရဲ့ မြေးယောကျ်ားကလေးက "ကြောင်ကလေး ခုဘယ်မှာလဲ" လို့ မေးပါတယ်။ ကျွန်ုပ်က ဥယျာဉ်ခြံထဲမှာ မြှုပ်နှံပြီးဖြစ်ကြောင်း ပြန်ပြောပြလိုက်ပါတယ်။

အဲဒီအခါမှာ စီးပွားဖြစ်အောင်မြင်နေတဲ့ ဥယျာဉ်မှူးကြီး နှစ်ယောက်ရဲ့ မြေးနဲ့သားဖြစ်သူပီပီ–

"နောက်ထပ် ကြောင်တစ်ကောင် မြေကြီးထဲက ပေါက်လာဦးမှာလား"

လို့ ပြန်မေးလိုက်ပါတယ်။

**RD - 7/04**

❑

## အရက်ဆိုင်ကျောင်း

မြို့ကလေးတစ်မြို့မှာရှိတဲ့ စာသင်ကျောင်းမှာ တစ်ခန်းတည်းသာရှိတဲ့ ကျောင်းဆောင်တစ်ဆောင်ရှိတယ်။ အဲဒီကျောင်းဆောင်ကို ပညာရေးအုပ်ချုပ်မှုအဖွဲ့က အသုံးမလိုလို့ရောင်းစားလိုက်တယ်။ ဝယ်လူသွားသူက အဲဒီကျောင်းဆောင်ကို ပြုပြင်ပြီး အရက်ဆိုင်အဖြစ် ဖွင့်လှစ်ရောင်းချနေပါတယ်။

တစ်ရက်မှာ...

အဘိုးကြီးတစ်ယောက်နဲ့ သူ့ရဲ့မြေးကလေးတို့ဟာ လမ်းလျှောက်ရင်းနဲ့ အဲဒီကျောင်းဆောင်ဟောင်းအရက်ဆိုင်နားရောက် လာကြတယ်။ အဘိုးကြီးက အရက်ဆိုင်ကို လက်ညှိုးထိုးပြီး–

"အဲဒါ ငါတက်ခဲ့ရတဲ့ကျောင်းပေါ့"

လို့ ပြောပြလိုက်တယ်။

"တစ်ကယ်လား၊ အဲဒီတုန်းက ဘိုးဘိုးကြီးကို အရက်ထည့်ပေးတာ၊ ဘယ်သူတုန်း"

လို့ မြေးငယ်ကလေးက ပြန်မေးလိုက်တယ်။

**RD - 7/04**

❑

## သစ်သီး တစ်ဒါဇင်

အငယ်ဆုံးသားလေး ရစ်ကီ (၁၀)နှစ်ပြည့်ပြီးတဲ့အခါမှာ ခင်ပွန်းသည်နဲ့ ကျွန်မတို့ဟာ ပဋ္ဌမမြောက်မွေးဖွားလာမဲ့ ရင်သွေးငယ်ကို စောင့်မျှော်နေကြပါတယ်။ တစ်ရက်မှာ ကျွန်မတို့ မိသားစုလေး စုရုံးလိုက်တယ်။ နောက်တိုးလာမဲ့ ကလေးနဲ့ပတ်သက်ပြီး သူတို့ရဲ့ ဆန္ဒသဘောထားအမြင်တွေကို ထုတ်ဖော်ပြောကြားစေပါတယ်။

သမီးအကြီးကတော့ ညီမလေးပဲ လိုချင်နေတယ်။ ယောကျ်ားကလေး နှစ်ယောက်ရှာတော့ သူတို့နဲ့ ကစားဖော်ရအောင် ယောကျ်ားလေးပဲ လိုချင်နေကြတယ်။ အငယ်ဆုံးသားလေး ရစ်ကီကတော့ စိတ်ပူနေပုံရတယ်။

"ဟုတ်ပါပြီ၊ နောက်တစ်ယောက်မွေးရင် ကလေး ၅ ယောက်ဖြစ်ပြီ။ အဲဒီအခါမှာ သစ်သီးတစ်ဒါဇင်ကို ဘယ်လိုခွဲဝေစားရမှာလဲ" လို့ ပြန်မေးလိုက်ပါတယ်။

**RD - 7/04**

❑

# ရိုးတဲ့သူတောင်းစားနဲ့ စာရေးဆရာကြီး

တစ်နေ့မှာ

အမေရိကန်နိုင်ငံက နာမည်ကျော်ဝတ္ထုတို စာရေးဆရာကြီး 'အိုဟင်နရီ' ဟာ နယူးယောက်မြို့မှာရှိတဲ့ မှောင်မိုက်တဲ့ လမ်းသွယ်လေး တစ်ခုအတွင်း လမ်းလျှောက်နေတယ်။ သူတောင်းစားတစ်ယောက်က သူ့ကို ပိုက်ဆံတောင်းတယ်။ စာရေးဆရာကြီးက သူအိတ်ထဲမှာရှိနေတဲ့ ဒင်္ဂါးတစ်ပြားကို နှိုက်ယူပေးလိုက်တယ်။

ခဏအကြာမှာ သူတောင်းစားဟာ စာရေးဆရာကြီးနောက်ကပျာကယာအတင်း ပြေးလိုက်လာတယ်။ စာရေးဆရာကြီးကို မီလာတဲ့အခါမှာ...

"ဒီမှာ ခင်ဗျားမှားနေပြီ ထင်တယ်။ ကျုပ်ကိုပေးခဲ့တာ ဒေါ်လာ ၂၀ တန်ရွှေဒင်္ဂါးဖြစ်နေတယ်"

"ငါသိပါတယ်ကွာ၊ မမှားပါဘူး။ အဲဒါ ငါချမ်းသာသမျှ အကုန်ပဲ" လို့ စာရေးဆရာကြီးက ပြန်ပြောလိုက်ပါတယ်။

❑

## ကားရပ်ကွင်းထဲမှာ

စည်ကားတဲ့ မြို့ကြီးတစ်မြို့မှာရှိတဲ့ ကားရပ်နားကွင်းထဲကို အမျိုးသမီးကြီးတစ်ဦး ကားမောင်းပြီး ဝင်လာတယ်။ သူ့ရဲ့ကား ကို ရဲသားတစ်ယောက်က လှမ်းရပ်ခိုင်းလိုက်တယ်။ နောက် ...

"ခင်ဗျားရဲ့ ကားနံပါတ်ပြားက ဧကေထိုးမိုးမျှော်ကြီးပါ လား"

လို့ အလန့်တကြား အော်ပြောလိုက်တယ်။

အမျိုးသမီးကြီးက ရည်ရည်မွန်မွန်ပြန်ဖြေလိုက်တယ်။

"ဟုတ်ကဲ့ ကျွန်မသိပါတယ်။ ဒီလိုတပ်ထားတော့ ကျွန်မ အဖို့ အခွံန်ကုန်တာ အများကြီးသက်သာတယ်လေ၊ ခုဆိုရင်လဲ ကြည့်လေ၊ ကွင်းပတ်ပြီးကားရပ်ဖို့ လျှောက်ရှာနေစရာ မလိုတော့ ဘူးလေ"

**RD - 12/60**

❑

# အလုပ်ရှုပ်တဲ့ ဗိုက်ကြီးသည်

ကျွန်မမှာ ကိုယ်ဝန်အရင့်အမာနဲ့ပါ။ မီးဖွားဖို့ရက်အတော်များများလိုနေသေးတဲ့အချိန်မှာ ယောကျ်ားဖြစ်သူဟာ စကြ်ံခေါင်မိုးပေါ်က လိမ့်ကျလို့ခြေမျက်စိနှစ်ဖက်စလုံး အကြောတင်သွားတယ်။ ချိုင်းထောက်နဲ့ လမ်းလျှောက်နေရတယ်။ ကားမမောင်းနိုင်တော့ဘူး။

မီးဖွားဖို့ ဆေးရုံသွားရတဲ့အခါမှာ ကျွန်မကိုယ်တိုင်ပဲ ကားမောင်းလာခဲ့ရတယ်။ ဗိုက်နာလာရင် ခဏနားလိုက်၊ အနာသက်သာလာရင် ဆက်မောင်းလိုက်နဲ့ ဆေးရုံရောက်လာခဲ့တယ်။ ဆေးရုံရောက်တော့ သားဖွားဆောင်အပေါက်ဝမှာ ယောကျ်ားကို ချပေးလိုက်တယ်။ သူဟာ ချိုင်းထောက်ကြီးနဲ့ ဆေးရုံတက်ခွင့်စားပွဲဆီ ထော့ကျီးထော့ကျီး လျှောက်သွားတယ်။ အဲဒီမှာ ထိုင်နေတဲ့ သူနာပြုဆရာမလေးက–

"ရှင်သွားရမှာက ဒီကိုမဟုတ်ဘူး၊ အရေးပေါ်ဌာနကို" လို့ ပြောပြလိုက်တယ်။

"ကျွန်တော်မဟုတ်ပါဘူး၊ ကျွန်တော့်မိန်းမ မီးဖွားမလို့ပါ"

"ရှင့်မိန်းမက ဘယ်မှာတုန်း"

"သူ ကားသွားထားနေတယ်။ အထုပ်တွေနဲ့ လာနေပါ ဗြီ"

**RD - 9/04**

❑

## အသုဘမရှိဘူးဆိုရင်

ကျွန်ုပ်ရဲ့ တက္ကသိုလ်ကျောင်းသားတပည့်တွေထဲက တစ်ယောက်ဟာ အသုဘကိစ္စရှိနေလို့ဆိုပြီး၊ နောက်ဆုံးစာမေးပွဲကို ဝင်ရောက်မဖြေဆိုခဲ့ဘူး။ "ကိစ္စမရှိပါဘူးကွာ လာမယ့်အပတ်မှာ နောက်ဆက်တွဲဝင်ဖြေနိုင်အောင် လုပ်ထားပေါ့" လို့ ကျွန်ုပ်က ပြောပြလိုက်ပါတယ်။

နောက်ဆက်တွဲစာမေးပွဲ ဖြေဆိုရမဲ့ရက်ရောက်လာပြီ။ အဲဒီတပည့်ဟာ နောက်အသုဘတစ်ခုနဲ့ ဆုံနေလို့ဆိုပြီး စာမေးပွဲကို ဝင်ရောက်မဖြေဆိုပြန်ဘူး။ "နောက်အပတ် စောစောပိုင်းမှာ စာမေးပွဲထပ်လုပ်ပေးဦးမယ်၊ ဖြေဖြစ်အောင်ဝင်ဖြေပါ။ နောက်ထပ် ရက်ရွှေ့မပေးနိုင်တော့ဘူး" လို့ ဖြေရှင်းပေးလိုက်ရပြန်တယ်။

"အသုဘကိစ္စ မပေါ်ဘူးဆိုရင်တော့ ကျွန်တော်ဝင်ဖြေပါ့မယ်"

အဲဒီလို အဖြေစကားရတော့ သူ့အပေါ် သံသယစိတ် ဖြစ်ပေါ်လာရတယ်။

"သုံးပတ်အတွင်းမှာ မင်းအသိမိတ်ဆွေတွေ သေဆုံးတာ များလှချည်လားကွာ" လို့ ကျွန်တော်က မေးကြည့်လိုက်တယ်။

"သေဆုံးသွားသူတွေဟာ ကျွန်တော်ရဲ့ အသိမိတ်ဆွေတွေ မဟုတ်ပါဘူး။ ကျွန်တော်ဟာ ဒီမြို့ကလေးရဲ့ အသုဘမြေကျင်း တူးသမားဖြစ်နေလို့ပါ ဆရာ"

လို့ အဖြေပေးလိုက်ပါတယ်။

**RD - 7/04**

❑

## ကားရွှေ့ပေးပါ

တံခါးကို ပထမဦးဆုံးလာခေါက်လိုက်သူဟာ ရဲအရာရှိကစ်ယောက်ဖြစ်နေတယ်။ ကျွန်မစိတ်ပူသွားတယ်။ ခင်ပွန်းဖြစ်သူက တံခါးထဖွင့်ပေးလိုက်တယ်။

ခင်ပွန်းသည်ဟာ ကုမ္ပဏီတစ်ခုရဲ့ လုပ်ငန်းခွင်တစ်နေရာမှာ တာဝန်ထမ်းဆောင်နေရသူဖြစ်ပြီး၊ ကုမ္ပဏီကထုတ်ပေးထားတဲ့ ဗင်ကားကလေးကို လမ်းကျဉ်းကျဉ်းကလေးထဲမှာ ဖင်ထွက်ပြီး ရပ်ထားခဲ့ပါတယ်။

ဗင်ကားကလေးကို လက်ညှိုးထိုးပြီး၊ ရဲအရာရှိက–

"ဟိုမှာ ခင်ဗျားကား မဟုတ်လား"

လို့ မေးလိုက်တယ်။

"ဟုတ်ပါတယ် ခင်ဗျ"

ကျွန်မခင်ပွန်းသည်က ပြန်ပြောလိုက်တဲ့အခါမှာ၊ ရဲအရာရှိ

က...

"စိတ်မရှိပါနဲ့ဗျာ၊ ခင်ဗျားကားကို တစ်ဆိတ်လောက်ရွေ့ပေးပါဦး။ ကျွန်တော်တို့ဟာ မိုင်နှုန်းကျော်မကျော်စစ်ဆေးတဲ့ စက်တွေချထားပြီး၊ ကားတွေကို ဖမ်းနေပါတယ်။ လမ်းထဲမှာ ခင်ဗျားကားရဲ့ ဖင်ဟာအပြင်ထွက်နေတော့၊ ယာဉ်မောင်းတွေအားလုံးကို အရှိန်နှုန်းလျှော့ပြီး မောင်းခိုင်းထားသလို ဖြစ်နေလို့ပါ"

ဆိုပြီး ရဲအရာရှိက ပြောလိုက်ပါတယ်။

**RD - 7/04**

❑

# ငါးရခဲ့တဲ့နေရာ

သူငယ်ချင်းနှစ်ယောက်ဟာ လှေတစ်စင်းတွားပြီး ရေကန်ထဲ ငါးမျှားထွက်ခဲ့ကြတယ်။ သူတို့ အားရလောက်အောင် ငါးတွေရပြီး တဲ့အခါမှာ ကမ်းစပ်ကိုပြန်လှော်လာခဲ့ကြတယ်။

"တို့နှစ်ယောက် ငါးတွေရခဲ့တဲ့နေရာကို မင်းမှတ်ထား သလား"

လို့ တစ်ယောက်က မေးလိုက်တယ်။

"မှတ်ထားတာပေါ့ကွာ၊ ငါးတွေ ဖမ်းမိတဲ့နေရာဘက်က လှေနံကို ကြက်ခြေခတ်ဖြူဖြူကြီးတစ်ခု ရေးထားလိုက်တယ်"

အဲဒီအခါမှာ မေးလိုက်တဲ့သူငယ်ချင်းက

"မင်း တော်တော်ရူးတဲ့ကောင်။ ဒီလှေကိုများ မနက်ဖန်တို့ ထပ်ရဦးမယ်လို့ ထင်နေသလား"

ဆိုပြီး အော်ဟစ်အပြစ်တင်လိုက်တယ်။

RD - 12/04

❑

## အုပ်ထိန်းသူလား

ဆယ်ကျော်သက်ရွယ်ကလေးနှစ်ဦး ရဲစခန်းမှာ အဖမ်းခံထားရတယ်။ ရဲအရာရှိက သူတို့ကို ဖုန်းတစ်ကြိမ်စီ ဆက်ခွင့်ပေးတယ်။

ခဏအကြာမှာ

လူတစ်ယောက် စခန်းထဲဝင်လာတယ်။ ဖမ်းထားတဲ့ကလေးနှစ်ယောက်ရဲ့ နာမည်ကိုမေးတယ်။ ရဲအရာရှိက–

"ခင်ဗျားဟာ ကလေးတွေရဲ့ အုပ်ထိန်းသူများလားဗျာ"

လို့ မေးလိုက်တယ်။

"မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော်ဟာ ရေခဲမုန့်ဆိုင်ကပါ။ ကလေးတွေက 'ဖုန်းဆက်ပြီးမှာလို့ ရေခဲမုန့်လာပို့တာပါ" ဆိုပြီး အဲဒီလူက ဖြေကြားခဲ့ပါတယ်။

**RD - 12/04**

❑

# သူရဲ့ ညီမ

လီနာတစ်ယောက်ဟာ သူ့ရဲ့ခင်ပွန်းသည် အရက်မူးမူးပြီး အိမ်ပြန်လာနေတာကို စိတ်ပျက်နေတယ်။ အလုပ်ကနေ အရက်မူးပြီး အိမ်ပြန်မလာရဲအောင်လုပ်မှ ဖြစ်မယ်လို့ စိတ်ကူးနေတယ်။

တစ်ညမှာ–

လီနာဟာ သူရဲ့ဝတ်စုံဝတ်ပြီး သူ့ယောကျ်ားပြန်လာမည့် လမ်းက သစ်ပင်တစ်ပင်ရဲ့နောက်မှာ ဝင်ပုန်းနေတယ်။ သစ်ပင်နားသူ့ယောကျ်ားဖြတ်လျှောက်လာတဲ့ အချိန်မှာ ဆတ်ကနဲသစ်ပင်နောက်က ခုန်ထွက်လိုက်တယ်။ သူ့ယောကျ်ား ရှေ့ကနေ လမ်းပိတ်ရပ်ထားလိုက်တယ်။ ခေါင်းမှာလည်း အနီရောင်ချိုကြိုးတွေနဲ့။ အမြီးကလည်း အရှည်ကြီး၊ ခက်ရင်းခွကြီးကိုလည်း မာန်ပါပါကိုင်ထားတယ်။

"မင်း ဘယ်သူလဲ"

"ငါဟာ သူ့ရဲ"

"ဒါဆိုအတော်ပဲ၊ ကျုပ်နဲ့အတူ အိမ်ကိုလိုက်ခဲ့စမ်းပါဗျာ။ ကျုပ်ဟာ ခင်ဗျားညီမနဲ့ လက်ထပ်ထားမိလို့ပါ"

လို့ အရက်မူးသမားက ပြန်ပြောလိုက်တယ်။

**RD - 12/04**

❑

## ကိန်းဂဏန်းတွေအရဆိုရင်

ကျွန်တော့်အဘိုးဖြစ်သူရဲ့ ၁၀၃နှစ်မြောက် မွေးနေ့ပွဲမှာ–

"၁၀၄ နှစ်မြောက် မွေးနေ့ပွဲကို ကျင်းပနိုင်ဦးမယ် ထင်ပါသလား"

ဆိုပြီး တစ်ယောက်ကမေးလိုက်တယ်။

"ကျိန်းသေကျင်းပနိုင်မှာပါ။ စာရင်းဇယားကိန်းဂဏန်း တွေအရ ပြောရမယ်ဆိုရင်၊ အသက် ၁၀၃နှစ်နဲ့ ၁၀၄နှစ်ကြား မှာ သေဆုံးသွားခဲ့ရသူ အရေအတွက်ဟာ အလွန်တစ်ရာနည်းပါး နေတာကို တွေ့ရပါတယ်"

လို့ အဘိုးဖြစ်သူက ပြန်လည်အဖြေပေးခဲ့တယ်။

**RD - 9/04**

❑

## မြင်းကတစ်ကောင် နာမည်ကသုံးမျိုး

တစ်ညနေမှာ...

လူတစ်ယောက်ဟာ ကားမောင်းပြီး အိမ်ပြန်လာတယ်။ နွားတစ်ကောင်က ကားလမ်းပေါ်ဖြတ်ပြေးတယ်။ နွားကိုတိုက်မိမှာစိုးလို့ လမ်းကြောင်းလွဲပေးလိုက်ရတဲ့အခါမှာ ရွှံ့ဗွက်ထဲကျသွားတယ်။

ကားဗွက်နစ်နေတဲ့နေရာကို မြင်းတစ်စီးနဲ့ လယ်သမားတစ်ယောက်ရောက်လာတယ်။ သူ့ကို ကူညီမှုပေးတယ်။ လယ်သမားဟာ ပါလာတဲ့ကြိုးခွေကို ဖြေလိုက်ပြီး၊ တစ်စကိုကားမှာချည်နှောင်လိုက်တယ်။ ကျန်တစ်စကို သူ့မြင်းမှာချည်နှောင်လိုက်တယ်။ နောက်...

"ဆွဲ ရောဘာတ်ရေ ဆွဲ"

လို့ အော်လိုက်တယ်။ အဲဒီလို အော်ပြီးပြီးချင်း၊

"ဆွဲ ဒိုင်ရိုရေ ဆွဲ"

လို့ ထပ်အော်လိုက်တယ်။ အဲဒီလို အော်ပြီးပြီးချင်း၊

"ဆွဲ ဘီလီရေ ဆွဲ"

ဆိုပြီး ထပ်အော်လိုက်ပြန်တယ်။

အဲဒီလို သုံးကြိမ်အော်ပြီးတဲ့အခါကျမှ သူ့ရဲ့မြင်းဟာ ကြိုးကိုတင်းနေအောင်ရှန်းကာ၊ ကားကိုရှဲ့ဖွက်ထဲက ဆွဲတင်ပေးလိုက်ပါတော့တယ်။

ကားသမားဟာ ကျေးဇူးလည်းတင်တယ်။ နောက်ပြီး နားမလည်နိုင်လောက်အောင်လည်း ဖြစ်နေရတယ်။ မနေနိုင်ဘူး၊ ဒါနဲ့ လယ်သမားကိုလှမ်းမေးလိုက်တယ်။

"ခင်ဗျားမြင်းက တစ်ကောင်တည်းဥစ္စာကို ဆွဲခိုင်းတဲ့နေရာမှာ ဘာဖြစ်လို့ နာမည်သုံးမျိုးတောင် အော်ရတာလဲ"

"ဩော်... ဒါလား။ ကျုပ်မြင်းက မျက်ကန်းဗျ။ သူတစ်ကောင်တည်း ဆွဲနေရမှန်းသိရင် ဆွဲမယ့်ကောင် မဟုတ်ဘူး။ မြင်းသုံးကောင်နဲ့စုပြီး ဆွဲနေတယ်ထင်အောင် ဉာဏ်ဆင်ရတာ၊ ဒါမှ သူကဆွဲမှာ"

လို့ လယ်သမားက ပြန်လှန်ရှင်းပြလိုက်တယ်။

**RD - 9/04**

❑

## ရုံးသုံးကလစ်ဆိုတာ

လေ့လာမှုတစ်ခုရဲ့ အဆိုအရ ရုံးသုံးစက္ကူညှပ် ကလစ်တွေကို အောက်ပါအတိုင်း သုံးစွဲလျက်ရှိနေကြတယ်လို့ ဆိုပါတယ်။

သွားကြားထိုးတံအဖြစ် ၆ ရာခိုင်နှုန်း၊ လက်သည်းချေးချွတ်ရာမှာ ၅ ရာခိုင်နှုန်း၊ ပြုနေတဲ့အဝတ်စတွေကို ညှပ်ရာမှာ ၁၇ ရာခိုင်နှုန်း၊ ဆေးတံချေးချွတ်ရာမှာ ၃ ရာခိုင်နှုန်းနဲ့ တယ်လီဖုန်းစကားပြောနေရင်း လက်ကမြင်းပြီး ဖျက်ဆီးပစ်လို့ ကြိုးပဲ့သုံးမရတော့က ၁၄ ရာခိုင်နှုန်းအသီးသီးဖြစ်ကြောင်း ဖော်ပြထားပါတယ်။

ဒီလိုဆိုတော့ ရုံးသုံးကလစ်တွေကို စက္ကူညှပ်ရာမှာ ၂၀ ရာခိုင်နှုန်းသာ အသုံးပြုကြောင်းတွေ့ရှိရပါတယ်။

❑

★ မြဟန်သိန်းမောင်

## ပေါင်ချိန်နည်းသစ်

မိန်းမကြီးတစ်ယောကျိ်ဟာ ဆေးခန်းထဲဝင်လာတယ်။ သူ့ပွေ့ချီလာတဲ့ ကလေးကို ပေါင်ချိန်ကြည့်ချင်တယ်လို့ ပြောလိုက်တယ်။ အဲဒီအချိန်မှာ ကလေးပေါင်ချိန်စက်က ပျက်နေလို့ပြင်တဲ့ဆီပို့ထားရတယ်။ ကလေးပေါင်ချိန်စက်မရှိဘူး။ ဒါပေမယ့် ဆေးခန်းလက်ထောက်လုပ်နေတဲ့ ကောင်မလေးက အဆင်ပြေအောင် ရှင်းလင်းပြောပြနေတယ်။

"ရပါတယ်၊ လူကြီးပေါင်ချိန်စက်ပေါ် အမေရော၊ ကလေးရော တက်ချိန်ကြည့်လိုက်ပေါ့။ အဲဒါကို မှတ်ထားမယ်။ နောက်တစ်ကြိမ် အမေတစ်ယောက်တည်းတက်ချိန်၊ အဲဒီအလေးချိန်နှစ်ခု ကွာခြားချက်ဟာ ကလေးအလေးချိန်ပေါ့ မဟုတ်ဘူးလား"

"ဘယ်ဖြစ်မလဲ၊ ကျွန်မက သူ့အမေမှမဟုတ်တာ၊ သူ့အဘွားလေ"

လို့ မိန်းမကြီးက စောဒကတက်လိုက်တယ်။

**RD - 9/04**

□

## ထူးတဲ့ကြော်ငြာသံ

ကျွန်တော်ဟာ ကုန်စုံဈေးတိုက်ကြီးတစ်ခုမှာ ဈေးဝယ်နေစဉ် ပြန်ကြားရေးဌာနကနေ အသိပေးလိုက်တဲ့ ကြော်ငြာသံထူးတစ်ခုကို ကြားသိလိုက်ရတယ်။

"ပိုင်ရှင်အထောက်အထားမပါတဲ့ ပိုက်ဆံအိတ်တစ်ခု ရရှိထားပါတယ်။ အထဲမှာ ငွေတွေလည်းအများကြီး ပါရှိပါတယ်။ ပိုက်ဆံအိတ်ပြန်ယူရန် စောင့်ဆိုင်းနေကြတဲ့ ပိုင်ရှင်များခင်ဗျာ၊ ကျေးဇူးပြု၍ ဈေးရောင်းကောင်တာရှေ့မှာ နှစ်တန်းခွဲ၍ တန်းစီပေးကြစေလိုပါတယ်"

**RD - 9/04**

❑

## မတွေ့သေးဘူးလား

မြို့ကလေးတစ်မြို့မှာနေတဲ့ ကျွန်တော်ရဲ့သူငယ်ချင်းတစ်ယောက်ဟာ ကဇာတ်ရုံကိုအသွား၊ လမ်းပျောက်နေတာကြောင့် အခန်းငှားတဲ့ အိမ်တစ်အိမ်ရှေ့မှာရပ်ပြီး စုံစမ်းတယ်။ မိန်းမကြီးတစ်ယောက် ထွက်လာပြီး၊ သူ့ကို သေသေချာချာ လမ်းညွှန်ပေးလိုက်တယ်။

နောက်တစ်ပတ်အကြာမှာ သူငယ်ချင်းဖြစ်သူဟာ ကဇာတ်ရုံကိုသွားပြီး၊ ပြဇာတ်သစ်တစ်ပုံဒ်ကိုကြည့်ခဲ့တယ်။ ဒီတစ်ခါမှာတော့ အိမ်ပြန်ရာမှာ လမ်းမှားနေပြန်တယ်။ ဒီလိုနဲ့ ပြီးခဲ့တဲ့အပတ်က လမ်းမေးခဲ့ရတဲ့ အိမ်ရှေ့ပြန်ရောက်သွားခဲ့ရတယ်။ မိန်းမကြီးဟာ တံခါးဝကိုထွက်လာတယ်။ ကျွန်တော့်သူငယ်ချင်းကိုကြည့်ပြီး...

"မင်း ခုထက်ထိ ကဇာတ်ရုံကို ရှာမတွေ့သေးဘူးလား"

လို့ တအံ့တသြနဲ့ အော်မေးလိုက်တယ်။

**RD - 9/04**

❑

## ဘယ်သူပြောသတုန်း

အသက် (၈၀)အရွယ် အဘိုးကြီးတစ်ယောက်ဟာ ဆေးစစ်ခံရန် ဆရာဝန်တစ်ယောက်ထံသွားတယ်။ သူ့ရဲ့ အနေအထားကို ကြည့်ပြီး ဆရာဝန်က အံ့အားသင့်သွားတယ်။

"ဒီလို သိသိသာသာကြီး ကျန်းမာရေးကောင်းမွန်နေအောင် ဘာတွေနဲ့များ ထိန်းထားပါသလဲဗျာ"

ဆရာဝန်က မေးကြည့်လိုက်တယ်။

"ကျုပ်ဟာ ကြက်ဆင်လိုက်မုဆိုးပါ။ ဒါကြောင့် ကျန်းမာရေးကောင်းနေတာပေါ့။ နေ့မထွက်ခင် အိပ်ယာကထတယ်။ တစ်နေ့လုံး တောင်တန်းတွေပေါ်တက်လိုက်၊ ဆင်းလိုက်နဲ့ ကြက်ဆင်လိုက်ဖမ်းနေရတယ်"

"ဒါလည်း ပါတာပေါ့လေ၊ နောက်ပြီး မျိုးရိုးကြောင့်လည်း ဖြစ်မှာပါ။ ခင်ဗျားရဲ့အဖေ အသက်ဘယ်လောက်မှာ ဆုံးသွား

တုန်း"

ဆရာဝန်က ထပ်မေးကြည့်တယ်။

"ကျုပ် အဖေဆုံးသွားပြီလို့ ဘယ်သူပြောသတုန်း"

"ခင်ဗျားတောင် အသက် (၈၀)ရှိပြီ။ ခင်ဗျား အဖေဟာ အသက်ရှည်နေဆဲဆိုတော့ အခုဆို အသက်ဘယ်လောက်ရှိပြီလဲ"

"အဖေဟာ အသက် (၁၀၀)ရှိပါပြီ။ ခုမနက်ပဲ သူနဲ့ကျုပ် ကြက်ဆင်လိုက်ဖမ်းခဲ့ကြသေးတယ်"

"ခင်ဗျားရဲ့ အဘိုးကရော ဘယ်လိုလဲ၊ သူသေတော့ အသက်ဘယ်လောက်ရှိပြီလဲ"

"ကျုပ်အဘိုး သေပြီလို့ ဘယ်သူပြောသတုန်း"

"ခင်ဗျားတောင် အသက် (၈၀)ရှိပြီ။ ခင်ဗျားအဘိုးက အသက်ရှင်နေသေးတယ်ဆိုတော့ အသက်ဘယ်လောက်ရှိပြီလဲ"

"၁၁၈ နှစ်"

"ခုမနက်ပဲ သူနဲ့ ကျုပ်ကြက်ဆင်လိုက်ဖမ်း ခဲ့ကြသေးတယ်လို့ ခင်ဗျားပြန်ပြောမယ် အောက်မေ့နေတာ"

"မဟုတ်ပါဘူးဗျာ၊ အဘိုးမင်္ဂလာဆောင်လိုက်ရတယ်"

အဘိုးကြီးကိုကြည့်ပြီး ဆရာဝန်ဟာ အံ့သြနေရပြန်တယ်။

"ဘာပြောတယ်၊ မင်္ဂလာဆောင်လိုက်ရတယ် ဟုတ်လား။ အသက် ၁၁၈ နှစ်ရှိတဲ့ အဘိုးကြီးတစ်ယောက်ကများ ဘာဖြစ်လို့ မိန်းမယူချင်တာပါလိမ့်"

ဆိုပြီး ဆရာဝန်က ထပ်ပြောလိုက်ပြန်ဘယ်။

"ဘာ...ကျုပ်အဘိုးက မိန်းမယူချင်တယ်လို့ ခင်ဗျားကို ဘယ်သူပြောသတုန်း"

အဘိုးကြီးက ပြန်မေးလိုက်ပြန်ပါတယ်။

RD - 9/04

❑

## မစိုးရိမ်ပါနဲ့

တူတစ်လက်ကိုရှာဖွေပြီး လက်မှာကိုင်ဆောင်လာတဲ့သား ဖြစ်သူကို မိခင်ကတွေ့လိုက်ရတဲ့အခါမှာ...

"သံမှိုရိုက်ရင် သတိထားနော်။ ကိုယ့်လက်ကို ကိုယ်ပြန် ထုမိဦးမယ်" လို့ မိခင်ကသတိပေးလိုက်တယ်။

"မစိုးရိမ်ပါနဲ့ မေမေ။ သံမှိုကို သူငယ်ချင်းက ကိုင်ပေး မှာပါ" လို့ သားဖြစ်သူက ပြန်ပြောလိုက်ပါတယ်။

❑

## လေယာဉ်ပေါ်မှာ ဆေးလိပ်သောက်သူ

ဂျက်လေယာဉ်တစ်စင်းရဲ့ ဆေးလိပ်သောက်သူများ ထိုင်ခုံနေရာက ခရီးသည်တစ်ယောက်ဟာ ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိ့မလို့ ပြင်ဆင်နေတယ်။ လေယာဉ်မယ်ရောက်လာတယ်။

"လူကြီးမင်းရဲ့ဘေးက ခရီးသည်က အနှောင့်အယှက်ဖြစ်မယ်ဆိုရင် သောက်ခွင့်မပေးနိုင်ပါဘူး" လို့ ချိုချိုသာသာပြောပြတယ်။ နောက်ပြီး သူ့ဘေးနားက ခရီးသည်ကိုလည်း မေးကြည့်လိုက်တယ်။

"ကျွန်မကတော့ ဆေးပြင်းလိပ်ကို လုံးဝမုန်းပါတယ်" လို့ ခပ်မာမာပြန်ပြောလိုက်တယ်။

လေယာဉ်မယ်ဟာ ရှေ့ကိုလျှောက်သွားတယ်။ လေယာဉ်ဝန်ထမ်းတွေနေတဲ့ အခန်းဘေးက လူငယ်တစ်ယောက်ဆီသွားပြီး အကူအညီတောင်းကာ ပြန်လာခဲ့တယ်။ ဆေးပြင်းလိပ်သောက်

ချင်တဲ့ ခရီးသည်ကို လက်ခံနိုင်တဲ့အဲဒီလူငယ်ရဲ့ ကိုင်းကားသွားသောက်ရန် ပြောပြလိုက်တယ်။

ဆေးလိပ်သောက်ချင်တဲ့ ခရီးသည်အဘိုးကြီးဟာ ရှေ့ကို ထလျှောက်သွားတယ်။ အဲဒီအခါမှာ သူ့ဘေးနားမှာထိုင်နေတဲ့ အမျိုးသမီးကြီးက–

"အဲဒီလူနဲ့ ကျွန်မလက်ထပ်ပြီးတာ နှစ်ပေါင်းသုံးဆယ်ရှိပြီ။ ဒါပေမယ့် သူရဲ့ ဆေးပြင်းလိပ်အနံ့ဆိုးကြီးကို ကနေ့ထိခံနိုင်ရည် မရှိသေးဘူး" လို့ လေယာဉ်မယ်လေးကို ပြောပြလိုက်ပါတယ်။

❑

# နှုတ်ဆက်ပန်းခြင်း

ရုပ်ရှင်မင်းသားမွန်တိုဂူလီဟာ စရိုက်ကြီးတဲ့ ဟိုတယ်တစ်ခုမှာ တစ်ပတ်ကြာတည်းခိုနေထိုင်ခဲ့ပါတယ်။ ဟိုတယ်က ထွက်ခွာရတော့မယ့်အချိန်မှာ မင်းသားကြီးဟာ မန်နေဂျာရဲ့ ရုံးခန်းထဲဝင်သွားတယ်။ သူ့လက်ထဲမှာ ပန်းခြင်းကြီးတစ်ခုလည်း ပါလာတယ်။ အဲဒီပန်းခြင်းဟာ မီးခလုတ်ပြင်လုပ်သားတွေအတွက် ဖြစ်ပါတယ်လို့ ပြောဆိုပေးလိုက်တယ်။

"သိပ်အဲ့သြစရာကောင်းတဲ့ နှုတ်ဆက်ခြင်းပါလား" မန်နေဂျာပြောတယ်။ မင်းသားကြီးက–

"နှုတ်ဆက်ပန်းခြင်းပါ၊ မီးခလုတ်ပြင်လုပ်သားဆွေ သေကွန်ကြေပြီထင်လို့ပါ" လို့ ခပ်ကျယ်ကျယ် ထပ်ပြောလိုက်တယ်။

❑

## ချမ်းမြေ့တဲ့ အိမ်ထောင်ရေး

"ပျော်ရွှင်စရာကောင်းတဲ့ မင်းတို့ရဲ့ အိမ်ထောင်ရေး သက်တမ်းရှည်ကြာရခြင်း အကြောင်းရင်း လျှို့ဝှက်ချက်ကို သိပါရစေလို့ ကျွန်မရဲ့သူငယ်ချင်းတစ်ယောက်ကို မေးကြည့်ခဲ့ပါတယ်။

"ငါတို့ လက်ထပ်စကတည်းက နှစ်ယောက်စလုံး အကြိုက်ချင်းတူတဲ့ဟာ မရှိဘူးဆိုတာ သိခဲ့ကြရတယ်။ ဒီတော့ တို့နှစ်ယောက်စလုံး စိတ်တူကိုယ်တူဖြစ်အောင် ကြိုးစားမနေကြတော့ဘူးလေ"လို့ အဖြေပေးလိုက်ပါတယ်။

❑

## ပရိဘောဂတွေ ယိုနေတယ်

ဆော်ဒီအာရေဗျနိုင်ငံမှာ အရက်သောက်စားခြင်းကို အထူးတင်းကျပ်တားပါတယ်။ ဒါပေမယ့် အရက်သောက်ကြတာဟာ အထက်တန်းလွှာတို့ရဲ့အလုပ်၊ ချမ်းသာတဲ့သူမှန်ရင် အရက်သောက်ကြတာပဲလို့ မှတ်ယူလာကြတယ်။ ဆော်ဒီနိုင်ငံသားတွေအားလုံးလိုလိုဟာ ဝင်ငွေကောင်းကြပါတယ်။ ဒေါ်လာ ၁၀၀ကျော်တန် စကော့အရက်ဟာ လူချမ်းသားတွေရဲ့ လက်သုံးဖြစ်နေပါတယ်။

မီသွားရင် အပြစ်ဒဏ်ကျခံရမယ်မှန်းသိလျက်နဲ့ လုပ်ငန်းရှင်တစ်ယောက်ဟာ စွန့်စားပြီး အရက်ကိုပြည်တွင်းခိုးသွင်းခဲ့ပါတယ်။ ပရိဘောဂထည် သစ်သားသေတ္တာထဲမှာ အရက်ပုလင်းတွေကို ဝှက်ထည့်ပြီးတင်သွင်းလာတယ်။

တစ်နေ့မှာ လေဆိပ်က အကောက်ခွန်အရာရှိတစ်ယောက်က စိုးရိမ်တကြီးနဲ့ သူ့ထံဖုန်းလှမ်းဆက်လိုက်တယ်။

"လူကြီးမင်းရဲ့ ပရိဘောဂသေတ္တာကို အမြန်ရွေးလှည့်ပါ၊ အထဲကအရည်တွေ ယိုထွက်နေတယ်"

❑

## အဖေ့မိန်းမရေ

ကျွန်မရဲ့ သားငယ်လေးကို အိပ်ရာဝင်ဖို့အကြိမ်ကြိမ် ချော့ပြောနေရတယ်။ ကြာတော့စိတ်မရှည်တော့ဘူး။ အိပ်ရာထဲကနေ "မေမေရေ"လို့ လှမ်းအော်သံကြားလိုက်ရတဲ့အခါမှာ 'နောက်ထပ် မေမေရေဆိုတဲ့ ခေါ်သံကြားရရင်၊ ငါ့လက်ဝါးနဲ့ မင်းတင်ပါးနဲ့ တွေ့တော့မယ်နော်"လို့ ကြိမ်းမောင်းလိုက်တယ်။ အဲဒီတော့မှ ငြိမ်ကျသွားတယ်။ ကျွန်မလည်း ဝူးခနဲသက်ပြင်းမှုတ်ကာ ဖင်ထိုင်ချလိုက်နိုင်တယ်။

ထိုင်လို့မှ ဖင်မပူသေးဘူး။ လေသံခပ်တိုးတိုးနဲ့–

"အဖေ့မိန်းမရေ၊ ရေသောက်ချင်တယ်"လို့ ကျွန်မကို လှမ်းပြောလိုက်ပါတယ်။

❑

## အဆိမတိုးပါ

ကလေးအမေတစ်ယောက်ဟာ သူ့သားငယ်လေး လက်မ, စုပ်၊ စုပ်နေတဲ့အကျင့်ကို စိတ်ပညာနည်းနဲ့ပြတ်အောင် ဖြုပြင်ပေးမယ်လို့ စိတ်ကူးလိုက်တယ်။

"သားလေး ကျော်နို။ မင်းအခု လက်မ,စုပ်နေတာ အရသာရှိလား"

"မရှိပါဘူး မေမေ"

"ဝါးစားလို့ရော ရလား"

သားငယ်လေးက ခေါင်းခါပြတယ်။

"ဒီလိုဆို လက်မ,စုပ်ရတာ ဘာကောင်းလို့တုန်း"

သားငယ်လေးဟာ အတန်ကြာအောင် စဉ်းစားပြီးတဲ့နောက်–

"ဟုတ်ပါတယ် မေမေ။ လက်မ,စုပ်တာ အဆိမတိုးတဲ့အစားအစာပါ"လို့ ပြန်ဖြေလိုက်ပါတယ်။

❑